Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၃

## အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၃။ အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ တတိယပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေးအလေ့အကျင့်များသည် ၂၁-ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့်ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူ ဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | **အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း** |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

ကျောင်းသူ/သားများအားလုံးရရှိရမည့် သင်ယူမှုရလဒ်များအကြောင်း၊ အားလုံးအကျုံးဝင် သင်ကြားရေး အလေ့အကျင့်နှင့် ဆက်နွှယ်သည့် သင်ယူမှုအဆင့်ဆင့် ထိရောက်ပုံအကြောင်း တွေးတောရာတွင် ဤသင်ရိုးပိုင်းမှ ကူညီပေးပါမည်။

သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏လက်ရှိနှင့် အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။ ဤ ဆရာအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး(CPD)သင်ရိုးသည် သင်နှင့်လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအုပ်စုများ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်သည့်အလေ့အကျင့်များအသုံးပြုမှုကို ပံ့ပိုးပေးကာ

ပိုမိုကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင် ကျောင်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင်အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။



အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ  လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။

မိမိအသုံးပြုရလွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

| | | |
|---|---|---|
| ဒီနေ့ဘာလေ့လာခဲ့သလဲ။ | မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။ | လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။ |
| မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။ | ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။ | |

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင့်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယားတစ်ခုဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ဖော်ကိုင်ဖက်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက်အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။
အုပ်စုဖွဲ့လုပ်ဆောင်လျှင် 'Think, pair, share'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။



## သင်ရိုးပိုင်း ၃ အတွက် သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. သင်ယူမှုရလဒ်ကောင်း၏အင်္ဂါရပ်များကို အနှစ်ချုပ်ခြင်း**

**၂. တွေးခေါ်မှုလုပ်ရပ်ကိုပြသည့် ကြိယာများကို သိရှိသတိပြုခြင်း**

**၃. အတွေးအခေါ်အနိမ့်အမြင့်ခွဲခြားခြင်း**

**၄. တွေးခေါ်မှုလုပ်ရပ်ကိုပြသည့်ကြိယာများသုံးလျက် သင်ယူမှုဦးတည်ချက်များကို ရေးသားခြင်း**

**၅. လုပ်ဆောင်ချက်ကို သင်ယူမှုအဆင့်ငယ်များအဖြစ် ခွဲခြမ်းခြင်း**

**၆. အဆင့်ဆင့်သင်ယူမှုကိုသုံးသည့် သင်ခန်းစာအစီအစဉ်ဆွဲခြင်း**

## ၁. နိဒါန်း

ပြီးခဲ့သည့်သင်ရိုးပိုင်းသည် မိမိ၏သင်ယူသူများအကြောင်းသိရှိခြင်းနှင့် အာရုံအမျိုးမျိုးသုံးသည့်သင်ယူမှုအတွက် ချဉ်းကပ်နည်းများကို အသုံးပြုခြင်းတို့၏ အရေးပါပုံကို အာရုံစိုက်ခဲ့သည်။ မိမိအတွေ့အကြုံ၊ အသိပညာတို့ကို ပြန်လည်သုံးသပ်ခဲ့ပြီး သင့်တပည့်အားလုံး၏ **သင်ယူမှုလိုအပ်ချက်များ**ကို ပိုမိုထိရောက်စွာနားလည်နိုင်ရန် ၎င်းတို့ကို သိကျွမ်းရန်အားပေးခဲ့ပါသည်။ ဤတတိယ သင်ရိုးပိုင်းသည် သင်ယူသူအားလုံး တတ်မြောက်စေရန် ထိရောက်သော**သင်ယူမှုရလဒ်များ** လိုအပ်ကြောင်း မိတ်ဆက်ပေးပါမည်။ ယခင်နှင့်ယခု အသိပညာအပေါ် သင်ယူသူများသည် မည်ကဲ့သို့ ဆင့်ပိုးတည်ဆောက်ကြောင်း ရှင်းပြနိုင်ရန် သင်ယူမှုကို အဆင့်ဆင့်ခွဲပြထားပါသည်။

သင်လုပ်ဆောင်ရန်မှာ

- ✓ အားလုံးအတွက် အကျုံးဝင်သောသင်ယူမှုရလဒ်များနှင့် အဆင့်ဆင့်သင်ယူမှုတို့ကို စီစဉ်ပုံအကြောင်းဖတ်ရှုပါ။
- ✓ ဗီဒီယိုများကို ကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲ (သို့) အုပ်စုငယ်များဖြင့်လုပ်ဆောင်ပါ။
- ✓ အဓိကမေးခွန်းများကို စဉ်းစားပါ။
- ✓ သင်ရိုးပိုင်းအဆုံးသတ် ပဟေဠိကို ဖြေပါ။
- ✓ သင့်အတွေ့အကြုံနှင့် အသိပညာကို ပြန်လည်သုံးသပ်ပါ။
- ✓ သင့် တပည့်များကို ကတိတစ်ခုပေးပါ။

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၆ နာရီနီးပါး** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ် သင်ယူမှုအတွေ့အကြုံရစေရန် အချိန်ယူ လုပ်ဆောင်ပါ။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေများကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

### ၁.၁ ယခင်သင်ယူမှုနှင့်အချိတ်အဆက် - သင်ရိုးပိုင်း ၂ (သင်ယူသူများကို သိရှိခြင်း)

သင်ရိုးပိုင်း ၂ တွင် သင့်တပည့်များအကြောင်း သိရန်လိုအပ်သည့် အချက်အလက်များနှင့် အားလုံးအကျုံးဝင်မှုကို မည်ကဲ့သို့ ချိတ်ဆက်ထားကြောင်း ပြန်တွေးပါ။ အောက်ပါဇယားရှိစကားလုံးများအသုံးပြုလျက် အကိုက်ညီဆုံးဖြစ်သည့် အခြင်းအရာ (factor) အမျိုးအစားတွင် ထည့်ပါ။ ယခင်သင်ရိုးပိုင်းကို ပြန်လှန်သင်ကြားရေးဖြစ်ပါသည်။ ပထမစကားလုံးကို လုပ်ပြထားပါသည်။

| ဘာသာစကား | ကိုယ်ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု | အသက် | သင်ယူမှုပုံစံများ | ကျား/မ |
|---|---|---|---|---|
| မိမိကိုယ်မိမိ လေးစားမှု | ဓလေ့နှင့်တန်ဖိုးထားမှုများ | ကိုယ်ရည်ကိုယ်သွေး | ကိုးကွယ်သည့်ဘာသာ | စိတ်ပါဝင်စားမှု |
| စာဖတ်ကျွမ်းကျင်မှု | မိသားစုအတွင်း မကြာသေးမီက ပြောင်းလဲမှု (သို့) ဆုံးရှုံးမှု | အာရုံစူးစိုက်မှု | သဘောထား | ဖန်တီးနိုင်စွမ်း |




Source: www.myanmargraphic.com (free use)

Adapted from Powell, W and Kusuma-Powell, O (2011) How to Teach Now

## ၁.၁ အဖြေများ

| သင်ယူမှုအတွက် အဆင်သင့်ဖြစ်မှု | ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း | ဇီဝဆိုင်ရာ | စိတ်ခံစားမှုနှင့် လူမှုဆိုင်ရာ | အကောင်းဆုံး သင်ကြားပုံ |
|---|---|---|---|---|
| အာရုံစူးစိုက်မှု | ကိုးကွယ်သည့်ဘာသာ | အသက် | မိမိကိုယ်<br>မိမိ လေးစားမှု | သင်ယူမှုပုံစံများ |
| သဘောထား | ဓလေ့နှင့်တန်ဖိုးထားမှုများ | ကျား/မ | ကိုယ်ရည်ကိုယ်သွေး | စိတ်ပါဝင်စားမှု |
| စာဖတ်ကျွမ်းကျင်မှု | ဘာသာစကား | ကိုယ်ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု | မိသားစုအတွင်း မကြာသေးမီက ဆုံးရှုံးမှု | ဖန်တီးနိုင်စွမ်း |

## ၂. သင်ယူမှုရလဒ်များ

သင်ယူမှုရလဒ်ဟူသည်မှာ သင်ယူသူတစ်ယောက်အတွက် အဆုံးသတ်ရလဒ်၊ ဖြစ်လာမည့်ခြားနားချက်နှင့် သင်ယူမှု လုပ်ဆောင်ချက်တစ်ခု (ဥပမာ အပင်၏ အစိတ်အပိုင်းသုံးခုကို ဖော်ထုတ်၊ သရုပ်ဖော်ခြင်း)ပြီးလျှင် သင်ယူခဲ့သည့်အရာများကို ဖော်ပြသည့်အဆိုဖြစ်ပါသည်။ သင်ယူမှုရလဒ်ကြောင့် ကျောင်းသူ/သားများ မည်သို့ပြောင်းလဲလုပ်ဆောင်မည် ဖြစ်ကြောင်း တွေးလျှင် ပိုမိုအထောက်အကူပြုပါမည်။

သင်ခန်းစာအတွင်း ရလဒ်တစ်ခုအကြောင်းဖော်ပြရန် ပညာရေးတွင် အသုံးပြုသည့် စကားလုံးအမျိုးမျိုးကြောင့် ရှုပ်ထွေးလျက် ရှိပါသည်။ အချို့မှာ သင်ခန်းစာရည်ရွယ်ချက်၊ သင်ယူမှုဦးတည်ချက်၊ သင်ယူမှုပန်းတိုင် (သို့) သင်ယူမှုဦးတည်ချက်တို့ဖြစ်သည်။ ထိုဝေါဟာရအားလုံးသည် သင်ခန်းစာတစ်ခုအတွင်း ဆရာ/မက ကျောင်းသူ/သားများအား လုပ်စေလိုသောအရာများကို ဖော်ပြပါသည်။ ဆရာ/မက သင်ယူမှုကို စီစဉ်နေစဉ် **သင်ယူမှုဦးတည်ချက်**ကိုရေးဆွဲရန် ဤသင်ရိုးပိုင်းတွင် အကြံပြုအပ်ပါသည်။ **သင်ယူမှုရလဒ်**ဟူသည့် အသုံးအနှုန်းကိုမူ သင်ခန်းစာကြောင့် ကျောင်းသူ/သားများ တတ်မြောက်သွားမည့် အရာများနှင့် ရလဒ် (လုပ်ဆောင်ချက် သို့မဟုတ် သင်ခန်းစာ အဆုံးတွင် ၎င်းတို့လုပ်နိုင်သည့်အရာ)ကို ဦးတည်လျက် သုံးပါမည်။

သင်ယူသူအုပ်စုအားလုံးတွင် အသိပညာနှင့်ကျွမ်းကျင်မှုအစားစား ရှိကြပါသည်။ သင်ယူသူအားလုံး၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် သင်ယူမှုဦးတည်ချက် ရေးသားရန်ခက်ခဲပါသည်။ သို့သော်လည်း သင်ယူမှုဦးတည်ချက်သည် **သင်ယူသူအားလုံး** ထိထိရောက်ရောက် ပါဝင်သင်ယူနိုင်ပြီး သင်ခန်းစာတိုင်းတွင် ရည်ရွယ်သည့်ရလဒ်ရရှိနိုင်ရန် အားလုံးအကျုံးဝင်ပညာရေးအတွက် မရှိမဖြစ်အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်ကိုကြည့်ပါ။ သင်ရိုးပိုင်းကိုလေ့လာစဉ် လိုအပ်လျင်ရည်ညွှန်းနိုင်ပါသည်။ သင်ယူမှုဂျာနယ်တွင် မှတ်သားလျှင် အသုံးဝင်နိုင်ပါမည်။

| | |
|---|---|
| **သင်ယူမှုဦးတည်ချက်** | ဟူသည်မှာ သင်ကြားမှုမှ မည်သည်ကိုမျှော်လင့်ထားကြောင်း ကျောင်းသူ/သားများ နားလည်နိုင်ရန် **မျှော်မှန်းထားသောပန်းတိုင်ကို ဖွင့်ဆိုပေး**ရာတွင် ဆရာ/မကသုံးသည့် အဆိုများဖြစ်ပါသည်။<br>ဥပမာ လူ့ခန္ဓာကိုယ်မှ အရိုးသုံးချောင်းကို ဖော်ထုတ်ပြီး သရုပ်ဖော်ပါ။<br>*တပည့်များနှင့် ဝေမျှပေးမည့်အရာ။ ယနေ့ မိမိတို့သည် -------- ရန် လေ့လာနေပါသည်။)* |
| **သင်ယူမှုရလဒ်** | ဟူသည်မှာ သင်ယူမှုကြောင့် ကျောင်းသူ/သားများ ရရှိလာမည့် **အသိပညာနှင့် ကျွမ်းကျင်မှုကို ဖော်ပြ**ရန် ဆရာ/မက အစီအစဉ်ရေးဆွဲရာတွင် ထည့်ရေးသည့်အဆိုများ ဖြစ်ပါသည်။ လုပ်ငန်းတို၊ အတန်း၊ သင်တန်း၊ အစီအစဉ်တစ်ခုအပြီးတွင် ဖြစ်နိုင်ပါသည်။<br>ဥပမာ လူ့ခန္ဓာကိုယ်ရှိအရိုးသုံးချောင်းကို **ကျောင်းသူ/သားများ** ဖော်ထုတ်၊ သရုပ်ဖော် **နိုင်ပါမည်**။<br>*(သင်ခန်းစာအပြီး* ကျောင်းသူ/သားများ *တတ်မြောက်ရန် မိမိစီစဉ်သည့်အရာ)* |

## ၂.၁ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - မိမိသင်ကြားပြီးသည့် နောက်ဆုံးသင်ခန်းစာ ၁၀ ခုတွင်သုံးခဲ့သည့် **သင်ယူမှုဦးတည်ချက် (သို့) ရလဒ် အရေအတွက်ကို ဖော်ထုတ်ပါ** (ဥပမာ ၁၀ ခု ရွေးခဲ့လျှင် သင်ခန်းစာတိုင်း သင်ယူမှုဦးတည်ချက် တစ်ခုစီသုံးခဲ့ပြီး ၅ ခုရွေးခဲ့လျှင် သင်ပြီးသည့်သင်ခန်းစာ တစ်ဝက်အတွက်သာ သင်ယူမှုရလဒ်သုံးထားပါမည်)။ သင့်ကို အနီးစပ်ဆုံးဖော်ပြသည့် ကိန်းဂဏန်း တစ်ခုကိုရွေးပါ။

| မသုံးပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အားလုံးအတွက် သုံးပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင့်သင်ယူမှုဂျာနယ်တွင် ကလေး**အားလုံး** သင်ခန်းစာ**အားလုံး**ရှိ သင်ယူမှုရလဒ်ကို ရရှိခဲ့ခြင်းရှိမရှိ **စဉ်းစားပါ။** သင်ရိုးပိုင်းအပြီး ထပ်မံလုပ်ဆောင်ရပါမည်။

### ၂.၁.၂ အရည်အသွေးကောင်းမွန်သည့် သင်ကြား/သင်ယူရေးအတွက် သင်ယူမှုရလဒ် အဘယ်ကြောင့် အရေးကြီးရပါသနည်း

သိပ္ပံတွင် ဇီဝဗေဒကဲ့သို့သော ဘာသာရပ်ရှိ ကျယ်ပြန့်သည့် ခေါင်းစဉ်နှင့်အကြောင်းအရာတစ်ခုခုကို ကျောင်းသူ/သားများ လေ့လာသည့်အခါ သင်ကြားချိန်အတွင်း မည်သည့်အပိုင်းက အရေးပါကြောင်း ၎င်းတို့သိရှိနိုင်စေရန် သင်ယူမှုရလဒ်က ထိုအပိုင်းကို စိတ်ဖြာပြီး ဦးတည်သင်ကြားပါမည်။

သင်ခန်းစာရလဒ်ကို သင်ယူသူတို့သိမထားလျှင် မည်သည်ကို မျှော်လင့်ရမည်ဖြစ်ကြောင်း မရေမရာဖြစ်ကာ စိတ်ဝင်စားမှု လျော့ပါးပြီး အဘယ်ကြောင့် သင်ယူမှုသည် အရေးပါကြောင်း နားမလည်နိုင်ဖြစ်ပါမည်။ ထိရောက်သော သင်ယူမှုအတွက် သင်ယူမှုရလဒ်များ အရေးကြီးပါသည်။

- ဆရာ/မနှင့် သင်ယူသူများသည် ရည်ရွယ်ချက်နှင့်ပန်းတိုင်များကို ညီတူညီမျှ နားလည်ကြပါသည်။
- သင်ယူသူ**အားလုံး**အတွက် သင်ခန်းစာကို **စီစဉ်ရန် ပိုမိုလွယ်ကူ**ပါသည်။
- တိကျသောသင်ယူမှုရလဒ်ကို ဆရာ/မတို့က ပိုမိုရှင်းရှင်းလင်းလင်းသိကြသောကြောင့် သင်ကြားမှုလည်း ပိုမိုထိရောက်သည်။
- ဆရာ/မများ၏ **မျှော်လင့်ချက်များကို** သင်ယူသူများသည် **သိထားသောကြောင့်  ထိုပန်းတိုင်ထံ ဦးတည်လုပ်ဆောင်နိုင်ပါမည်**။
- သင်ယူမှုရလဒ်သည် သင်ခန်းစာတစ်ခုအား **ကူညီတည့်မတ်ပေး**နိုင်ပါသည်။
- ဆရာ/မနှင့် သင်ယူသူများသည် **စစ်ဆေးအကဲဖြတ်ရေးအတွက် ဆုံးဖြတ်ချက်ရှင်းလင်းစွာ** ချမှတ်နိုင်ပါမည်။
- သင်ယူမှု/လုပ်ဆောင်ချက်ကို နားလည်မလည် ဆရာ/မနှင့်သင်ယူသူများ **တိုင်းတာ**နိုင်ပြီး ၎င်းတို့သင်ယူမှုအတွက် **နောက်အဆင့်များ** (သို့) လစ်ဟာမှုများကို ဖော်ထုတ်နိုင်စေပါမည်။

## ၂.၁.၃ ထိရောက်သော သင်ယူမှုဦးတည်ချက်ဟူသည် အဘယ်နည်း

သင်ယူမှုဦးတည်ချက်ရေးသားပုံသည် သင်ယူမှုရလဒ်၊ ရလဒ်၏ထိရောက်မှုနှင့် သင်ယူသူတို့ရလဒ်ရရှိသည့် အောင်မြင်မှုနှုန်းတို့ အပေါ်သက်ရောက်မှုရှိပါသည်။

- **သင်ယူမှုဖြစ်စဉ်တစ်ရပ်၏ အဆုံးသတ်ကို ထင်ဟပ်**သင့်ပါသည်။ ဥပမာ (အချိန်တွင်) ----- သင်ယူသူသည် --------- ကိုလုပ်ဆောင်နိုင်ပါမည်။
- သင်ယူပုံနှင့် သင်ယူမှုဖြစ်စဉ်တို့ကိုမစူးစိုက်ပဲ **သင်ယူမှုအတွေ့အကြုံ၏ရလဒ်**ကို အဓိကထားပါသည်။
- လိုအပ်သည့် **အသိပညာ (သို့) ကျွမ်းကျင်မှု**ကို ထင်ဟပ်ရပါမည်။

သင်ယူမှုဦးတည်ချက် အလွန်ယေဘုယျကျနေလျှင် ဥပမာ 'လူ့ခန္ဓာကိုယ်ကိုလေ့လာသည်'ဆိုခဲ့လျှင် ဆရာ/မနှင့် ကျောင်းသူ/သား အတွက် သင်ယူမှုရလဒ် (သင်ခန်းစာအောင်မြင်မှုနှင့်တတ်မြောက်မှု)ကို **တိုင်းတာ**ရန် ခဲယဉ်းပါမည်။




Source: www.myanmargraphic.com (free use)

သင်ယူမှုရလဒ် ပိုတိကျခဲ့လျှင်၊ ဥပမာ '**လူ့ခန္ဓာကိုယ်မှ အရိုး ၃ ခုကို ဖော်ထုတ်ပြီး သရုပ်ဖော်သည်**' ဖြစ်ခဲ့လျှင် ဆရာ/မနှင့် ကျောင်းသူကျောင်းသားအတွက် သင်ယူမှုရလဒ် ရှင်းလင်းကာ သင်ခန်းစာအဆုံးတွင် သင်ယူသူ အောင်မြင်ခြင်း ရှိမရှိကို နှစ်ဦးနှစ်ဝ ပြောဆိုနိုင်ကြပါမည်။ သင်ကြားမှုသည် **တိကျပြီး တိုင်းတာနိုင်**ပါသည်။

သင်ယူမှုဦးတည်ချက်သည် **SMART** ဖြစ်ရပါမည်။ တိကျသော (**S**pecific)၊ တိုင်းတာနိုင်သော (**M**easurable)၊ ရယူနိုင်သော (**A**chievable)၊ ဆီလျော်သော (**R**elevant)၊ အချိန်ကိုက်ဖြစ်သော (**T**imed)။

**တိကျသော**

**ရှင်းလင်းတိကျသော ဦးတည်ချက်ချမှတ်ပါ**

သင်ယူသူအသက်အရွယ်နှင့် ကိုက်ညီသော စကားအသုံးအနှုန်းဖြင့် သင်ယူမှုရလဒ်ကို ရှင်းနိုင်သမျှ ရှင်းအောင်ဖွင့်ဆိုပါ။ မည်သည့်ကျွမ်းကျင်မှုသည် ရလဒ်ဖြစ်ပါမည်နည်း။ ကျောင်းသူ/သားများ မည်သည်ကို သင်ယူမည်နည်း။ ၎င်းတို့အတွက် အဓိပ္ပါယ်ရှိပါသလား။ ကျောင်းသူကျောင်းသားများထံမှ မိမိ မျှော်လင့်သည့် အရာများကို ရှင်းရှင်းလင်းလင်းဖော်ပြပါ။

**တိုင်းတာနိုင်သော**

**ဦးတည်ချက်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြင့် တိုင်းတာနိုင်ပါသည်**

သင်ယူမှုကို တွေ့မြင်နိုင်/ထင်ရှားစေနိုင်မည့် တွေးခေါ်လှုပ်ရှားသည့် ကြိယာတစ်ခု (နောက်တစ်ပိုင်းတွင် လေ့လာပါမည်) သို့မဟုတ် ကျွမ်းကျင်မှုတစ်ခုကိုသုံးပါ။ ဤနည်းဖြင့် သင်ယူမှု ဦးတည်ချက် ပြည့်မီခြင်း ရှိမရှိ တစ်နည်းနည်းဖြင့် စစ်ဆေးအကဲဖြတ်နိုင်ပါမည်။ ဥပမာ ဘယ်လောက်လဲ၊ ဘယ်နှစ်ခုလဲ စသည်ဖြင့်။

**ပေါက်မြောက်အောင်မြင်နိုင်သော**

**သင်ယူမှုအဆင့်က သင်ယူသူအားလုံးအတွက် သင့်တော်ပါသလား**

သင့်တွင် အရင်းအမြစ်၊ အသိပညာ၊ အချိန်နှင့် နေရာမှန်တို့ ရှိပါသလား။ သင့်တပည့်များအကြောင်း သိထားခြင်းဖြင့် အားလုံးပေါက်မြောက်အောင်မြင်စေနိုင်မည့် သင်ယူမှုဦးတည်ချက်တစ်ရပ်ကို ရေးနိုင်ပါမည်။

**ဆီလျော်သော**

**သင်ခန်းစာသည် ဘာသာရပ်/သင်တန်းတို့နှင့် ချိတ်ဆက်မိပါသလား**

သင်ယူမှုဦးတည်ချက်ကို တိတိကျကျနှင့် လိုရင်းတိုရှင်းရေးပါ။ ဤနည်းဖြင့် သင်ယူမှု လုပ်ဆောင်ချက်များ၏ ရည်ရွယ်ချက်နှင့် သင်ခန်းစာ၏ဦးတည်ရာအား သင်ယူသူတို့ နားလည်နိုင်ပါမည်။ သင်ခန်းစာပါ အကြောင်းအရာ၊ သင့်တပည့်များနှင့်လည်း ဆီလျော်သင့်ပါသည်။ လက်တွေ့ဘဝသာဓကများနှင့် ချိတ်ဆက်သင့်ပြီး မည်သို့ချိတ်ဆက်ကြောင်းကိုလည်း ပြသရန် သင့်တော်ပါလိမ့်မည်။

**အချိန်ကိုက်ဖြစ်သော**

**ရသည့်အချိန်အတွင်း သင်ယူမှု/လုပ်ဆောင်ချက်ကို ပေါက်မြောက်အောင်မြင်အောင် လုပ်နိုင်ပါမည်လား**

ဦးတည်ချက်ကို ပေါက်မြောင်အောင်မြင်ရန် အချိန်လုံလုံလောက်လောက်ပေးသင့်ပါသည်။ သင်ခန်းစာအပြီး သင်ယူသူတို့ မည်သည်ကိုလုပ်နိုင်မည်ဆိုသည်ကို အမြဲပြောပါ။ ဤနည်းဖြင့် လုပ်ဆောင်ချက် တစ်ခုပြီးရန် မျှော်လင့်သည့်အချိန်နှင့် ရည်ရွယ်ချက်၊ ဦးတည်ရာတို့ကို ရှင်းရှင်းလင်းလင်းပေးနိုင်ပါမည်။

## လုပ်ဆောင်ချက် ၃.၁ SMART သင်ယူမှုဦးတည်ချက် (၂၅ မိနစ်)

၁. သင်ယူမှုဂျာနယ်တွင် အတိုကောက်စာလုံးSMARTဖြင့် ဇယားတစ်ခု**ဆွဲပါ**။ စကားလုံးတစ်ခုချင်းနံဘေးတွင် ဖော်ပြချက်တစ်ခုစီရေးပါ။ သင်ရိုးပိုင်းနောက်ပိုင်းမှာပါရှိသည့် အစီအစဉ်ရေးဆွဲသောအဆင့်တွင် အသုံးဝင်ပါလိမ့်မည်။

| **Specific**<br>**တိကျသော** | **Measurable**<br>**တိုင်းတာနိုင်သော** | **Achievable**<br>**ပေါက်မြောက်အောင်မြင်နိုင်သော** | **Relevant**<br>**ဆီလျော်သော** | **Timely**<br>**အချိန်ကိုက်ဖြစ်သော** |
|---|---|---|---|---|
| | | | | |

၂. အောက်ပါသင်ယူမှုဦးတည်ချက်များကို**ဖတ်ပြီး** SMARTဖြစ်မဖြစ်ဆုံးဖြတ်ပါ။ ရလဒ်များသည် SMART ဖြစ်မဖြစ် လုပ်ဖော်ကိုင်ဖက်တစ်ဦးကိုရှင်းပြခြင်း (သို့) မိမိသင်ယူမှုဂျာနယ်တွင်အကြောင်းပြခြင်းများ လုပ်ဆောင်ပါ။

| **သင်ယူမှုဦးတည်ချက်** | **SMART – ဖြစ်မဖြစ်** |
|---|---|
| ၁. သင်ခန်းစာအပြီး - **ကမ္ဘာမြေအကြောင်း စကားလုံး ၆ ခုအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဖော်ထုတ်ပါ။**<br>(ယခုနှစ်ဝက်တွင် သင်ယူသူများသည် အာကာသအကြောင်းလေ့လာနေပါသည်) | |
| **၂. သတင်းတင်ဆက်မှုရှိ အဓိကလက္ခဏာများကို နားလည်မည်။**<br>(သင်ယူသူများသည် သတင်းစာမှ သတင်းအမျိုးမျိုးကိုဖတ်နေကြသည်) | |
| ၃. သင်ခန်းစာအပြီး - **ရာသီဥတုပြောင်းလဲမှုအကြောင်းလေ့လာသည်။**<br>(သင်ယူသူများသည် ရာသီဥတုပြောင်းလဲမှုအကြောင်း စူးစမ်းလေ့လာနေကြသည်) | |

၃. သင်ခန်းစာတစ်ခုတွင် သင်သုံးခဲ့သည့် သင်ယူမှုဦးတည်ချက်တစ်ခုကိုပြန်တွေးပါ။

- တိကျသော (**S**pecific)၊ တိုင်းတာနိုင်သော (**M**easurable)၊ ပေါက်မြောက်အောင်မြင်နိုင်သော (**A**chievable)၊ ဆီလျော်သော (**R**elevant)၊ အချိန်ကိုက်ဖြစ်သော (**T**imed) ဦးတည်ချက်ဖြစ်သည်ဟုထင်ပါသလား။
- ပိုမိုရှင်းလင်းပြီး SMART နည်း ပါဝင်စေရန် အဆိုတွင်သုံးထားသည့် အသုံးအနှုန်းကို မည်ကဲ့သို့ ပြောင်းလဲနိုင်ပါမည်နည်း။

## လုပ်ဆောင်ချက် ၃.၁ အဖြေ

အောက်ပါအဖြေများနှင့် ယင်းတို့သည် SMART သတ်မှတ်ချက်များကို အဘယ်ကြောင့်ပြည့်မီခြင်းရှိမရှိ ရှင်းလင်းချက်များကို ကြည့်ပါ။

- တိကျသော
- တိုင်းတာနိုင်သော
- ပေါက်မြောက်အောင်မြင်နိုင်သော
- ဆီလျော်သော
- အချိန်ကိုက်ဖြစ်သော

| သင်ယူမှုဦးတည်ချက် | SMART Yes or No? |
|---|---|
| ၁. သင်ခန်းစာအပြီး - **ကမ္ဘာမြေအကြောင်း စကားလုံး ၆-မျိုးအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဖော်ထုတ်ပါ။**<br>(ယခုနှစ်ဝက်တွင် သင်ယူသူများသည် အာကာသအကြောင်းလေ့လာနေပါသည်) | ✓ |
| **၂. သတင်းတင်ဆက်မှုရှိအဓိကလက္ခဏာများကို နားလည်မည်။**<br>(သင်ယူသူများသည် သတင်းစာမှ သတင်းအမျိုးမျိုးကိုဖတ်လျှက်ရှိသည်) | x |
| ၃. သင်ခန်းစာအပြီး - **ရာသီဥတုပြောင်းလဲမှုအကြောင်းလေ့လာသည်။**<br>(သင်ယူသူများသည် ရာသီဥတုပြောင်းလဲမှုအကြောင်း စူးစမ်းလေ့လာနေကြသည်) | x |

**မှတ်ရန်** ဥပမာ ၁ တွင်

- **အချိန်အကန့်အသတ်**နှင့် လုပ်ဆောင်ချက်မည်မျှကြာမြင့်မည်ဖြစ်ကြောင်းရှင်းလင်းသည့် မျှော်မှန်းချက်ရှိသည်။
- 'ဖော်ထုတ်ပါ'နှင့် 'ဖွင့်ဆိုချက်'ဟူသောစကားလုံးတို့ကြောင့် ညွှန်ကြားချက်သည် **တိကျ**သည်။
- လိုအပ်သည့်စကားလုံး ၆ လုံး သတ်မှတ်ပေးခြင်းဖြင့် ဆရာ/မနှင့်သင်ယူသူသည် သင်ယူသူက ရလဒ်ကို ရရှိခြင်းရှိမရှိ **တိုင်းတာ**နိုင်ပါသည်။
- အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဆရာ/မက ဂြိုဟ်တစ်ခုတည်းအပေါ် စူးစိုက်စေပါသည်။ သင်ယူသူများ အာကာသအကြောင်း လေ့လာနေသောကြောင့် **ရနိုင်ဖွယ်ရှိပြီး** အခြားဂြိုဟ်များအကြောင်းလေ့လာဆဲ (သို့) လေ့လာပြီးဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။
- ကွင်းထဲတွင်ပေးထားသည့် အကြောင်းအရာပေါ်အခြေခံလျက် သင်ခန်းစာ **ဆီလျော်မှု**ရှိမရှိသိနိုင်ပါသည်။

**မှတ်ရန်** ဥပမာ ၂ နှင့် ၃ တွင်

- 'နားလည်သည်'နှင့်'လေ့လာသည်'ဟူသော စကားလုံးများကို တိုင်းတာရန်ခဲယဉ်းပါသည်။
- သင်ယူမှုရလဒ် တိကျမှုမရှိသောကြောင့် မည်သို့ပြည့်မီနိုင်ကြောင်း သိရန်ခဲယဉ်းပါသည်။

နောက်တစ်ပိုင်းတွင် သင်ယူမှုဦးတည်ချက်ရေးရာတွင်လည်းကောင်း၊ သင်ကြား/သင်ယူရေးကို ပိုမိုထိရောက်စေရန်လည်းကောင်း 'နားလည်သည်'နှင့်'လေ့လာသည်'တို့ကို အစားထိုးရန် ပိုမိုသင့်တော်သည့်စကားလုံးများကို အဓိကထား လေ့လာပါမည်။

## ၂.၁.၄ SMARTရလဒ် ချမှတ်ရန်အဆင့် ၇ဆင့်

သင်ယူမှုရလဒ်များအကြောင်း တွေးတောရေးသားရာတွင် အောက်ပါမေးခွန်း စကားလုံးများကို စဉ်းစားလျှင် အထောက်အကူဖြစ်ပါမည်။

# WHO – WHAT – WHERE – WHEN – HOW
# ဘယ်သူ-ဘာ-ဘယ်မှာ-ဘယ်အချိန်-ဘယ်လို

တွေးစရာများရှိသော်လည်း သုံးဖန်များလေလေ ဤစကားလုံးများကိုသုံးရန် လွယ်ကူလေလေဖြစ်ပါသည်။ ဤအမေး စကားလုံးများကို ချဲ့ထွင်ရေးသားရန် နောက်အပိုင်းကိုကြည့်ပါ။

၁. **ဘာ**ရလဒ်ကိုရယူလိုပါသလဲ။

- သင့်လုပ်ဆောင်ချက်အပြီး အောင်မြင်သည်ဟု စိတ်ကူးလိုက်ပါ။ သင့်တပည့်များ မည်သည့်အချက်အလက်အသစ်များကို ယခု သိရှိပါသနည်း။ ဘာကိုနားလည်ခဲ့ပါသနည်း။ သူတို့ ယခု ဘာကိုလုပ်နိုင်ပါသနည်း။
- သင့် တပည့်များ**အားလုံး**ပေါက်မြောက်အောင်မြင်နိုင်ပါသလား။
- မဟုတ်လျှင် သင်ယူမှုကို **ပိုခက်**(သို့)**ပိုလွယ်**အောင် မည်ကဲ့သို့ လုပ်နိုင်ပါမည်နည်း။

၂. **ဘယ်သူ**လုပ်မှာလဲ။

- ကျောင်းသူ/သားများလား၊ **သင်**လား။ **ကျွန်ုပ်တို့**အားလုံးလား။
- ၎င်းတို့ အသက်ဘယ်လောက်ရှိပြီလဲ။ ဘယ်နှစ်တန်းရောက်ပြီလဲ။
- ကျောင်းသူ/သားများသည် ယခင်ကဘာသိထားသလဲ။ နောက်တစ်ဆင့်ကဘာလဲ။
- ရလဒ်များ အချင်းချင်း ကိုက်ညီ၊ ချိတ်ဆက်မှုရှိပါသလား။
- ကျောင်းသူ/သားတစ်ဦးချင်းမှာ ဘယ်လိုတစ်မူထူးခြားတဲ့လိုအပ်ချက်များ ရှိပါသလဲ။

**၃. ဘာရလဒ်ရမှာလဲ။ ဘယ်လိုတိုင်းတာမလဲ။ သင်ယူသူများ ရသွားပြီဖြစ်ကြောင်း ဘာကပြမှာလဲ။**

- ကိန်းဂဏန်း၊ ပမာဏ၊ အကြောင်းအရာ၊ အရည်အသွေးများလား။
- ရလဒ်ကဘယ်လိုအသွင်အပြင်ရှိမှာလဲ။ ဘာတွေပါမှာလဲ။ ဘယ်လိုအသံတွေကြားရမှာလဲ။ ဘယ်လိုခံစားရမှာလဲ။ သင့်စာသင်ခန်း ဘယ်လိုအသွင်ဖြစ်/အသံထွက်မှာလဲ။ ကျောင်းသူ/သားများ၏ မှတ်စုများကို ကြည့်ရတာ ဘယ်လိုနေမှာလဲ။ ကျောင်းသူ/သားများဘာပြောမှာလဲ။ သင်ခန်းစာကြောင့် ၎င်းတို့ဘာကို ရှင်းပြနိုင်မှာလဲ။
- ရလဒ်ဖန်တီးရာမှာ ကျောင်းသူ/သား**တစ်ဦးချင်း** ပါဝင်နိုင်ပါသလား။
- ကျောင်းသူ/သား**တစ်ဦးချင်း** တတ်မြောက်နိုင်အောင် သင်ယူမှုကို လိုက်လျောညီထွေ ပြောင်းရန်လိုပါသလား။ ဘယ်လိုပြောင်းမှာမည်လဲ။ အများဆိုင်ပေါက်မြောက်အောင်မြင်မှုတစ်ရပ် ဘယ်လိုထွက်ပေါ်လာနိုင်ပါသလဲ။

**၄. ဘယ်လောက်များသလဲ။ ကျောင်းသူ/သားများ နားလည်မလည်သိရန် ဘယ်လောက်ထိလုပ်စေချင်ပါသလဲ။ ရလဒ်ကို ဘယ်လိုရမှာပါလဲ။**

- ဘယ်အရွယ်အစားလဲ။ ဘာပုံစံလဲ။ ဘယ်လောက်ရှည်သလဲ။ ဘယ်လောက်ကျယ်လောင်သလဲ။ အက္ခရာစာလုံး/စကားလုံး/စာပိုဒ်ဘယ်လောက်ရှိပါသလဲ။

- ကျောင်းသူ/သားများ နားလည်မလည်ပြသရန် တစ်မျက်နှာလုံးပြည့်အောင် (သို့) ဝါကျအနည်းငယ် ရေးရမှာလား။
- ဤအရေအတွက် (သို့) အရည်အသွေး ပြည့်မီအောင် ကျောင်းသူ/သားတစ်ဦးချင်းပါဝင်နိုင်ပါသလား။

**၅. လုပ်ဆောင်ချက်ကို ဘယ်တော့ပြီးစေလိုပါသလဲ။ ကျောင်းသူ/သားများအချိန်ဘယ်လောက်လိုမှာလဲ။**

- ပေးထားသည့်အချိန် လက်တွေ့ကျပါသလား။
- ကျောင်းသူ/သားများသည် အချိန်ဘယ်လောက်ထပ်လိုကြောင်း သူတို့အကြံပြုနိုင်ပါသလား။
- ရလဒ်ကိုရရှိရန် ကျောင်းသူ/သားတစ်ဦးချင်း အချိန်ဘယ်လောက်လိုမှာပါလဲ။

**၆. ဦးတည်ချက်နှင့်ရလဒ်ကို တည်ဆောက်ပါ။**

- ဘယ်သူ-ဘာ-ဘယ်မှာ-ဘယ်အချိန်-ဘယ်လို မေးခွန်းများဖြေဆိုရန် ဝါကျ ၁-၃ ခု တည်ဆောက်ပါ။

**၇. ပြန်စစ်ပါ၊ မိမိအဖြေအားလုံး 'မှန်ပါသည်'ဖြစ်အောင် ရလဒ်ကိုဆက်လက်ပြင်ဆင်ပြီး ထပ်မံရေးသားပါ။**
သင်ခန်းစာအစီအစဉ်ပုံစံတွင်းဖြည့်ပြီး အစီအစဉ်ရေးဆွဲခြင်းကို ပျော်မွေ့စွာဆက်လုပ်ပါ။

**တိကျပါသလား**

**တိုင်းတာနိုင်ပါသလား**

**ပေါက်မြောက်အောင်မြင်နိုင်ပါသလား**

**ဆီလျော်ပါသလား**

**အချိန်ကိုက်ပါသလား**

### လုပ်ဆောင်ချက် ၃.၂ - SMART သင်ယူမှုရလဒ် ဥပမာများ (၁၅ မိနစ်)

စကားပြောအကွက်နှင့် SMART နည်းကိုမှန်အောင်တွဲပေးပါ။ ပထမတစ်ခုလုပ်ပြထားပါသည်။

**တိကျသော**

**တိုင်းတာနိုင်သော**

**ပေါက်မြောက်အောင်မြင်နိုင်သော**

**ဆီလျော်သော**

**အချိန်ကိုက်ဖြစ်သော**

၁ ၄၅ မိနစ်သင်ခန်းစာအပြီး တပည့်များသည် အပင်အစိတ်အပိုင်းများကို အမည်တပ်နိုင်ပြီး ထိုအပိုင်းတို့၏ လုပ်ဆောင်ချက်များကို ဖော်ပြနိုင်ပါမည်

၂ နောက်သင်ခန်းစာတွင် အထောက်အကူ ဖြစ်အောင် ဤအချက်ကို မည်သို့သုံးရမည်မှန်း သိပါပြီ။

၃ ဤသင်ခန်းစာမှ မည်သည်ကို တတ်မြောက်ပြီး မိမိ နားလည်ကြောင်း မည်သို့ ပြနိုင်ပါမည်နည်း။

၄ ရသည့်အချိန်အတွင်း ရှိသည့် အရင်းအမြစ်ဖြင့် ဖြစ်အောင် လုပ်နိုင်ပါမည်လား။

၅ တပည့်များ မည်မျှလုပ်ဆောင်နိုင်ပါမည်နည်း။ အချို့အတွက် အလွန်လွယ် (သို့) အလွန် ခက်နေပါသလား။

### လုပ်ဆောင်ချက် ၃.၂ အဖြေ

| တိကျသော | တိုင်းတာနိုင်သော | ရယူနိုင်သော | ဆီလျော်သော | အချိန်ကိုက်ဖြစ်သော |
|---|---|---|---|---|
| ၃ | ၅ | ၄ | ၂ | ၁ |

## ၂.၁.၅ သင်ယူမှုဦးတည်ချက်နှင့် သင်ယူမှုရလဒ်ကို ကွဲပြားစေခြင်း

SMART စံပြုပုံစံ၏ **'ပေါက်မြောက်အောင်မြင်နိုင်သော'**အပိုင်းကိုကြည့်လျှင် ၎င်းသည် မိမိတို့၏ သင်ယူမှုရလဒ်များ အားလုံး အကျုံးဝင်မှု မည်မျှရှိကြောင်း တွေးတောစေပြီး၊ သင်ယူသူများသည် လုပ်ခိုင်းသည်များကို ပေါက်မြောက်အောင်မြင်ကြောင်း သေချာအောင် ဆောင်ရွက်စေပါသည်။ အချို့သင်ယူသူများအတွက် လုပ်ဆောင်ချက်ကို လွယ်လွယ်ရှင်းရှင်းဖြစ်ရန်၊ အချို့အတွက် ထပ်ချဲ့ရန် လိုကောင်းလိုပါမည်။ ဤသည်ကို တစ်ဦးချင်းစီ၏လိုအပ်ချက်များကိုဖြည့်ဆီးရန် ကွဲပြားခြားနားခြင်းဟု ခေါ်ဆိုပါသည်။

လုပ်ဆောင်ချက်ကို ကွဲပြားခြားနားပေးရန် အချို့ဆရာ/မများက 'သင်ယူသူ**အားလုံး**'၊ 'သင်ယူသူ**အများစု**'နှင့် 'သင်ယူသူ**အချို့**' ဟူသည့် ဝေါဟာရများသုံးပြီး သင်ယူမှုရလဒ်ကို ရေးကြပါသည်။

ဤနည်းဗျူဟာကိုသုံးရာတွင် အကျိုး၊ အပြစ်နှစ်တန်ရှိနိုင်ပါသည်။ ကလေးအချို့အတွက် ပိုမိုလွယ်ကူသည့် လုပ်ဆောင်ချက်ဖြင့် သင်ယူမှုကို နိုင်နိုင်နင်းနင်းဖြင့်ပေါက်မြောက်အောင်မြင်နိုင်ရန် ခွဲခြမ်းပေးနိုင်သော်လည်း၊ အခြားကလေးများအတွက် နှောင့်နှေးပြီး ရေသာခိုစေပါမည်။ ဤကလေးများ၏စွန့်စားမှုကို ဆရာ/မက အားမပေးရာရောက်ပါမည်၊ သူတို့ဘာလုပ်နိုင်ကြောင်းကိုလည်း ဆရာ/မက သိရှိမည်မဟုတ်ပါ။ ဤနေရာတွင် သင်ယူသူတစ်ဦးချင်းအကြောင်းကို (သင်ရိုးပိုင်း ၂)သိရန် အထူးလိုအပ်လာပါပြီ။

**ကွဲပြားခြားနားမှုပြုရာတွင် သင်ယူသူအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ဆောင်ချက်အထွေထွေ၊ မေးခွန်းအမျိုးမျိုးပေးရန်ဖြစ်သည်။**

ဥပမာ ကိန်းများမြှောက်ခြင်းကို သင်ယူစ ကလေးများအား မြှောက်သည့်အစဉ်ကို **ပြစေ**ခြင်း၊ ပိုနားလည်သည့် ကလေးအား ထိုအစဉ်ကို **ရှင်းပြစေ**ခြင်းများ လုပ်နိုင်ပါသည်။

ဤသင်ရိုးပိုင်း၏ နောက်တစ်ပိုင်းတွင် အထက်ပါကြိယာများသည် သင်ယူမှုတိုးတက်မှုကို အစဉ်လိုက်ပြပုံနှင့် ၎င်းတို့ကို သင်ယူမှုအတွက် မည်သို့အသုံးပြုနိုင်ပုံကို ဆွေးနွေးကြပါမည်။ သင်ခန်းစာကို ကွဲပြားခြားနားအောင်သင်ခြင်းဖြင့် သင်ယူသူ**အားလုံး**သည် သင်ယူမှုဦးတည်ချက်ကို ပြည့်မီနိုင်ပါမည်။ သင်ယူသူအားလုံးအတွက် သင်ယူမှုရလဒ် အတူတူပင် ဖြစ်သော်လည်း ဦးတည်ချက် ပြည့်မီနိုင်ရန် သင်ယူသူများအတွက်ဆုတ်သာတက်သာရွေးချယ်စရာများဖြင့် လုပ်စရာတို့ကိုကွဲပြားခြားနားနိုင်ပါသည်။ အောက်ပါ ဥပမာတွင် ဦးတည်ချက်နှင့် သင်ယူသူများ ထိုဦးတည်ချက်ကိုပြည့်မီစေရန်နှင့် အောင်မြင်မှုကိုတိုင်းတာရန် ဖြစ်နိုင်သည့် နည်းလမ်းများကို ဖတ်ပါ။

ဤအုပ်စုမှသင်ယူသူများသည် စတုရန်းကွက် ၁၀၀ ကိုကြည့်ပြီး ပုံစံများကို ရှာဖွေနိုင်သည်။





ငါးလီရေတွက်စဉ်ကြုံရသည့် ကိန်းဂဏန်းအစဉ်ကို ဖော်ထုတ်ပြီး သရုပ်ဖော်ပါ။

ဤအုပ်စုမှသင်ယူသူများသည် ပုံစံနှင့် ရင်းနှီးပြီးသား ဖြစ်နိုင်သည်၊ သို့မဟုတ် မြန်မြန်ဆန်ဆန် သိနားလည်သွားပါမည်။ ၎င်းတို့အား ပုံစံတစ်ခုအတွင်း လွတ်နေသည့် ကိန်းဂဏန်းများကို ရှာဖွေစေပြီး ယင်းကိန်းများသည် ပေးထားသော ကိန်းဂဏန်းအစဉ်တွင် အဘယ်ကြောင့် ပါဝင်နိုင်ကြောင်း ရှင်းပြပါစေ။

| | | | | | | |
|---|---|---|---|---|---|---|
| 5 | 10 | | 20 | 25 | | |

Image source: https://commons.wikimedia.org/wiki/File:100_Number_Square.svg (free use)
Image source: https://pixabay.com//illustrations/burma-myanmar-classroom-boy-girl-5204371/ (free use)

## ၃. တွေးခေါ်သည့်လုပ်ရပ်ကို ပြသောကြိယာများ

ဘလွမ်း(Bloom)၏ အမျိုးအစားပြဇယား(taxonomy)မှာ တွေးခေါ်မှုစွမ်းရည်များအတွက် အညွှန်းကောင်းဖြစ်ပါသည်။ နောင်သင်ရိုးပိုင်းများတွင် ရည်ညွှန်းမည်ဖြစ်သောကြောင့် ယခုအခါ အချိန်ပေးပြီး ၎င်းကိုစူးစမ်းလေ့လာပြီး ၎င်း၏အစိတ်အပိုင်းများကို ကြည့်ရှုသင့်ပါသည်။ ၁၉၅၆ ခုနှစ်တွင် စတင်ဖန်တီးခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် တစ်ဖန်ပြုပြင်ခဲ့သည်။




Source: https://www.flickr.com/photos/vandycft/29428436431 (Creative Commons)

ခေါင်းစဉ်ခွဲအောက်ရှိ လက်ယာဖက်အကွက်များမှ စကားလုံးများကိုကြည့်ပါ။ ၎င်းတို့အားလုံးသည် **တွေးခေါ်သည့်လုပ်ရပ်ကို ပြသောကြိယာများ**ဖြစ်သည်။ မှတ်မိသည် (remember)အပိုင်းနှင့်ဆက်စပ်နေသောအပိုင်းတွင် define(အဓိပ္ပါယ်ဖွင့်ဆိုသည်)၊ duplicate (ပွားသည်)၊ list (စာရင်းပြုသည်), memorise (အလွတ်ကျက်သည်), repeat (ထပ်ဆို/လုပ်သည်) state (အဆိုပြုသည်)တို့ ရှိကြောင်း သတိချပ်ပါ။ ဤစကားလုံးများကို သင်ယူမှုဦးတည်ချက်တွင်သုံးလျှင် သင်သည် သင်ယူသူများ အမြောက်အလီပေါင်း၊ သမိုင်းဝင်အမည်များ၊ အချိန်အစဉ်များကို မှတ်မိပြီးနှင့် ပုံစံတစ်ခုကို ထပ်လုပ်စေလို၍ ဖြစ်ပါမည်။ ဤကျွမ်းကျင်မှုများအတွက် အတွေးအခေါ် အနိမ့်ပိုင်းမျှသာ လိုအပ်သည်ဟု ယူဆကြပါသည်။

ပိရမစ်ပုံအထက်သို့တက်သောအခါ explain (ရှင်းပြသည်)၊ demonstrate (သရုပ်ပြသည်)၊ design (ပုံစံထုတ်သည်)ဟူသော တွေးခေါ်လှုပ်ရှား တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများကိုသတိမူမိပါမည်။ သင်ယူသူများ ပိုမိုတွေးတောရန် လိုအပ်သောကြောင့် အမြင့်ပိုင်းအတွေးအခေါ် ကျွမ်းကျင်မှုများဟု ခေါ်ဆိုပါသည်။

ပိုမိုတွေးခေါ် ပြီး မိမိတို့နားလည်မှုနှင့်အသိပညာကို လက်တွေ့ ပိုမိုအသုံးချလေလေ၊ ပိုမိုသင်ယူတတ်မြောက်ပြီး မှတ်မိလေလေ ဖြစ်သည်။ သင်ခန်းစာများတွင် **တွေးခေါ်သည့်လုပ်ရပ်ပြကြိယာ**များကို remember (မှတ်မိသည်), apply (လက်တွေ့သုံးသည်) အစရှိသည့် တွေးခေါ်မှုနယ်ပယ်အမျိုးမျိုးမှ ယူငင်အသုံးပြုပါမည်။ အမြင့်ပိုင်းအတွေးအခေါ်မှု (analyzing - ခွဲခြမ်းစိတ်ဖြာခြင်း၊ evaluation - သုံးသပ်အကဲဖြတ်ခြင်းနှင့် creating - ဖန်တီးခြင်းဟူသည့်) **တွေးခေါ်သည့်လုပ်ရပ်ပြကြိယာ**များ ပိုသုံးလေလေ၊ သင်ယူသူများက ပိုမိုစဉ်းစားရသည်၊ လုပ်ဆောင်ချက်တွင်ပိုမိုပါဝင်လာမည်၊ သင်ယူမှုတွင် တက်တက်ကြွကြွ ပါဝင်လာမည်။



တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများကိုသုံးပြီး သင်ယူမှုဦးတည်ချက် ရေးသည့်အခါ သင်ယူမှုသည်လည်း ထင်သာမြင်သာဖြစ်လာပြီး သင်ယူသူသည် ဦးတည်ချက်ကိုပြည့်မီခြင်း ရှိမရှိ သင်သိမြင်နိုင်ပါသည်။ သင်ယူသူသည် တစ်စုံတစ်ရာကို **နားလည်မလည်၊ သိမသိ** မ**မြင်**နိုင်သော်လည်း သင်ယူသူက ဖော်ပြ၊ သရုပ်ပြသည့်အခါ မြင်နိုင်ပါသည်။ သင်ယူမှုဦးတည်ချက်တွင် သင်ယူသူများ ဘာလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောထားသဖြင့် ၎င်းသည် သင်ခန်းစာအစီအစဉ်၏ အစ ဖြစ်ပါသည်။

Source: https://pixabay.com/images/search/burma/?pagi=2& (free use)

Funded by: UKaid

Towards Results in Education & English

## သင်ယူမှုဦးတည်ချက်ရေးရာတွင်သုံးသည့် တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများ

ပိုမိုတွေးရသောကြောင့် ပိုမိုနက်နဲစွာ သင်ယူတတ်မြောက်ပါသည်

| မှတ်မိခြင်း | နားလည်ခြင်း | လက်တွေ့အသုံးချခြင်း | ခွဲခြမ်းစိတ်ဖြာခြင်း | သုံးသပ်အကဲဖြတ်ခြင်း | ဖန်တီးခြင်း |
|---|---|---|---|---|---|
| အမည်ပေးရန် | အကြမ်းဖျင်းဖော်ပြရန် | စုစည်းရန် | မျိုးတူစုရန် | နှိုင်းယှဉ်ရန် | ဒီဇိုင်းထုတ်ရန် |
| စာတန်းတပ်ရန် | အကျဉ်းချုပ်ရန် | သရုပ်ပြရန် | ရိုးရှင်းအောင်ပြုလုပ်ရန် | ခုခံကာကွယ်ရန် | အစီအစဉ်ဆွဲရန် |
| ရွတ်ဆိုရန် | ရှင်းပြရန် | ဖြေရှင်းရန် | စူးစမ်းစစ်ဆေးရန် | ရှင်းချက်ထုတ်ရန် | ထုတ်လုပ်ရန် |
| တွဲပေးရန် | တစ်နည်းအားဖြင့်ဆိုရန် | ကြိုတင်ပြင်ဆင်ရန် | အကြမ်းဖျင်းဖော်ပြရန် | သက်သေပြရန် | လိုက်လျောညီထွေဖြစ်အောင် |
| သတိရရန် | ကြိုတင်ခန့်မှန်းရန် | အသုံးပြုရန် | နှိုင်းယှဉ်ရန် | ခြားနားရန် | ပြုပြင်ရန် |
| အဓိပ္ပါယ်ဖွင့်ဆိုရန် | တိုးချဲ့ရန် | စံနမူနာပြရန် | ခြားနားရန် | ရှင်းပြရန် | ရေးဖွဲ့ရန် |
| သရုပ်ဖော်ရန် | ပြသရန် | လွှဲပြောင်းရန် | ရှာဖွေတွေ့ရှိရန် | ဆုံးဖြတ်ရန် | ကြိုတင်ခန့်မှန်းရန် |
| ရွေးချယ်ရန် | ဘာသာပြန်ရန် | ရွေးချယ်ရန် | အမျိုးအစားခွဲရန် | အကြံပြုရန် | ဖြေရှင်းရန် |
| စာရင်းပြုစုရန် | ကောက်ချက်ချရန် | တွေ့ဆုံမေးမြန်းရန် | ခွဲခြမ်းရန် | သက်သေပြရန် | ဆွေးနွေးရန် |
| ပြောပြရန် | ခန့်မှန်းရန် | တည်ဆောက်ရန် | ကြောင်းကျိုးလျော်ညီစွာ | ကောက်ချက်ချရန် | တီထွင်ရန် |
| ဖော်ထုတ်ရန် | မျိုးတူစုရန် | အစီအစဉ်ဆွဲရန် | အဖြေထုတ်ရန် | ဦးစားပေးရန် | ပြောင်းလဲရန် |
| အဆိုပြုရန် | ပုံဖြင့်ဖော်ပြရန် | | ဥပမာဖြင့်ပြရန် | အကဲဖြတ်ထင်မြင်ချက် | စိတ်ကူးရန် |
| | | | ဝေဖန်ဆွေးနွေးရန် | ပေးရန် | ပိုမိုတိုးတက်ကောင်းမွန်စေရန် |

ပိုမိုပါဝင်လုပ်ဆောင်ပြီး သင်ယူမှုတွင် ပိုမိုတက်ကြွစွာပါဝင်သည်
အနိမ့်ပိုင်းမှ အမြင့်ပိုင်းအတွေးအခေါ်အစဉ်

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



## လုပ်ဆောင်ချက် ၃.၃ ဘလွမ်း အမျိုးအစားပြဇယားမှ ‘တွေးခေါ်သည့်လုပ်ရပ်ပြကြိယာ’များကို သုံးခြင်း (၃၀ မိနစ်)

တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများပါသည့် လုပ်ဆောင်ချက်ကို ဘလွမ်းဇယားမှ မှန်ကန်သည့် အစိတ်အပိုင်းနှင့်တွဲပါ။ ပထမတစ်ခုကိုလုပ်ပြထားပါသည်။

| |
|---|
| Create<br>ဖန်တီးသည် |
| Evaluate<br>သုံးသပ်အကဲဖြတ်သည် |
| Analyse<br>ခွဲခြမ်းစိတ်ဖြာသည် |
| Apply<br>အသုံးချသည် |
| Understand<br>နားလည်သည် |
| Remember<br>မှတ်မိသည် |

| |
|---|
| ၁. အတွေးအမြင်များ၊ အသိသညာများကို ရှင်းပြသည်။ |
| ၂. အချက်အလက်များ၊ အခြေခံအသိသညာများကို မှတ်မိသည်။ |
| ၃. အသစ် (သို့) မူရင်းလက်ရာ ထုတ်လုပ်သည်။ |
| ၄. အချက်အလက်များကို အခြေအနေသစ်တွင် သုံးသည်။ |
| ၅. ဆုံးဖြတ်ချက်ကိုအကြောင်းပြနိုင်သည်။ |
| ၆. အတွေးအမြင်များမှ ဆက်စပ်နိုင်သည်။ |



Adapted from: https://www.myanmargraphic.com/(free)

## လုပ်ဆောင်ချက် ၃.၃. အဖြေ

| | |
|---|---|
| ဖန်တီးသည် | ၃ |
| သုံးသပ်အကဲဖြတ်သည် | ၅ |
| ခွဲခြမ်းစိတ်ဖြာသည် | ၆ |
| လက်တွေ့အသုံးချသည် | ၄ |
| နားလည်သည် | ၁ |
| မှတ်မိသည် | ၂ |

Implemented by: British Council, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၃.၄ - အသင့်တော်ဆုံးသင်ယူမှုဦးတည်ချက်ကို ရွေးချယ်ခြင်း (၄၅ မိနစ်)

၁. **ဆက်လက်ဖတ်ရှုရန်** - အနည်းငယ်တိုးချဲ့ထားပြီး လိုက်လျောညီထွေပြုပြင်ထားသည့် SMARTသင်ယူမှု ရလဒ်များကို *Blanchard, K., & Johnson, S. (1981)* ၏ ဆောင်းပါးတစ်ပုဒ်တွင် တွေ့နိုင်ပါသည်။

**နောက်ဆက်တွဲ ၁**

၂. သင်ယူမှုဦးတည်ချက်နှင့်သင်ယူမှုရလဒ်တို့အကြောင်း သင်ဖတ်ထားသမျှ အချက်အလက်များကိုအသုံးချပြီး အောက်ပါ လုပ်ဆောင်ချက်များအတွက် သင့်တော်သည့်သင်ယူမှုဦးတည်ချက်တစ်ခုကို **အကြံပြု**ရပါမည်။ ဤနေရာတွင် **ဆက်စပ်စဉ်းစားရမည့်အခြေအနေ**သည် အရေးကြီးပါသည်။ သင်ယူများသည် **သင်ယူမှုအသစ်**၊ အချက်အလက် သစ်များ ရရှိချိန်တွင် 'evaluate' (သုံးသပ်အကဲဖြတ်ခြင်း)နှင့် 'create' (ဖန်တီးခြင်း)ထိ ချက်ခြင်းခုန်ဝင်နိုင်မည်မဟုတ်။ ကျွမ်းကျင်မှုများကို **လက်တွေ့အသုံးချ**ရန် အဆင်သင့်မဖြစ်မီ ယင်းတို့ကို စွဲခိုင်စေရန်၊ နည်းဗျူဟာများကို စတင်**မှတ်မိ**ကာ **နားလည်ရန်** သင်ခန်းစာတစ်ခု လိုအပ်ပါမည်။

အောက်ပါအခြေအနေများကြည့်ပြီး သင်ယူသူများနှင့်အသင့်တော်ဆုံး သင်ယူမှုဦးတည်ချက်ကို ရွေးချယ်ပါ။ ပေးထားသည့် အနေအထားအတွက် မိမိကိုယ်ပိုင် သင်ယူမှုဦးတည်ချက်ကိုရေးရန် ဆုံးဖြတ်နိုင်ပါသည်။

| | သင်ယူမှုဦးတည်ချက် **က** | သင်ယူမှုဦးတည်ချက် **ခ** |
|---|---|---|
| **အနုပညာ**<br>ကျောင်းသူ/သားများသည် အနုပညာလက်ရာမျိုးစုံ စူးစမ်းလေ့လာပြီး အနုပညာအကြောင်း ထင်မြင်ချက်၊ ခံစားချက်များကို ဝေမျှနေကြပါသည်။ ကျောင်းသူ/သားများသည် အင်္ဂလိပ်သင်ခန်းစာ တစ်ခုတွင် စကားရည်လုဖူးပြီး ပုံစံနှင့် စည်းမျဉ်း များကို နားလည်ကြပါသည်။ | 'အနုပညာအားလုံးသည် ပုဂ္ဂလဓိဋ္ဌာန် ဖြစ်သည်'ဟူသော အဆိုကို စကားရည်လုပါ။ | အနုပညာလက်ရာအမျိုးမျိုးနှင့် ၎င်းတို့ခြားနားပုံကို ဖော်ပြပါ။ |
| **သင်္ချာ**<br>ကလေးငယ်တို့က ၂ အလီနှင့် ၁၀အလီပေါင်းကို (ဇယားဖြင့်) လေ့လာပြီးဖြစ်ပါသည်။ ငါးအလီကို ပထမဦးဆုံး မိတ်ဆက်ခြင်းဖြစ်ပါသည်။ | ၅ အလီဖြင့်ရေတွက်သည့်အခါ ဂဏန်းစဉ်ကိုဖော်ထုတ်ပြီး သရုပ်ဖော်ပါ။ | အမြှောက်နှင့်အစား ပြောင်းပြန်ကို ၅ အလီဇယား သုံးပြီး ရှင်းပြပါ။ |
| **အင်္ဂလိပ်စာ**<br>ဘုရားကျောင်း/ဂူဘုရားတစ်ကျောင်းထံ အလည် အပတ်ခရီး အကြောင်း ကျောင်းသူ/သားများ ရေးပြီးပါပြီ။ ဆရာ/မက ၎င်းတို့၏ ဝါကျများကို စစ်ဆေးပြီး သမ္ဗန္ဓ (ဝါကျဆက်သည့် and, because စသည့်စကားလုံးများ)ကို သုံးကာ အသေးစိပ် ထပ်ထည့်စေလိုပါသည်။ ကျောင်းသူ/သားများသည် သမ္ဗန္ဓအကြောင်း ယခင်က သင်ယူပြီးဖြစ်ပါသည်။ | အတွေးအမြင်များ ချဲ့ထွင်ကာ၊ အသေးစိတ်ရေးပြီး ဆက်စပ်ပေးသည့် သမ္ဗန္ဓအမျိုးမျိုး စာရင်းပြုပါ။ | အတွေးအမြင်များကို ချဲ့ထွင်၊ အသေးစိတ်ရေး သို့မဟုတ် ဆက်စပ်ပေးရန် အသင့်တော်ဆုံး သမ္ဗန္ဓကိုရွေးပါ။ |

### လုပ်ဆောင်ချက် ၃.၄ အဖြေ

**အနုပညာ - သင်ယူမှုဦးတည်ချက် က -** *ရှင်းလင်းချက်* - ကျောင်းသူ/သားများသည် အနုပညာလက်ရာများကို ခွဲခြမ်းစိတ်ဖြာ၊ သုံးသပ်အကဲဖြတ်နိုင်ရာတွင်လိုအပ်သော ၎င်းတို့၏ထင်မြင်ချက်နှင့်ခံစားချက်များကို စူးစမ်းရန် အခွင့်အလမ်းရခဲ့ပြီး ဖြစ်ပါသည်။ သင်ယူမှု ဦးတည်ချက် ခ သည် ကျောင်းသူ/သားများအား အနုပညာကို သရုပ်ဖော်စေခဲ့ပြီးဖြစ်သောကြောင့် ၎င်းတို့၏ ထင်မြင်ချက်နှင့်ခံစားချက်များ ရှိပြီးသားဖြစ်သည်။

**သင်္ချာ - သင်ယူမှုဦးတည်ချက် က -** *ရှင်းလင်းချက်* - ၅ အလီပေါင်းရေတွက်မှုအဆင့်ဆင့်ကို ကလေးတို့ ပထမဦးဆုံးတွေ့ရခြင်း ဖြစ်သောကြောင့် ပုံစံများကို ကြည့်ရန်နှင့်ဖော်ထုတ်ရန် အချိန်လိုအပ်ပါမည်။ ဥပမာ အဖြေအားလုံး ၀ သို့မဟုတ် ၅ နှင့်ဆုံးသည်။ ထို့နောက် ထိုပုံစံကိုကလေးတို့ဖော်ပြနိုင်ပါသည်။ သင်ယူမှုဦးတည်ချက် ခ အတွက် ကျောင်းသူ/သားများ အမြှောက်နှင့်အစား အကြောင်း ပိုမိုနက်နဲစွာ နားလည်ရန်လိုအပ်ပါသည်။

**အင်္ဂလိပ်စာ - သင်ယူမှုဦးတည်ချက် ခ.** *ရှင်းလင်းချက်* - ပြီးခဲ့သည့် သင်ခန်းစာတွင် ကျောင်းသူ/သားများသည် သမ္ဗန္ဓများကို စာရင်းပြုခဲ့၊ ရေးခဲ့၊ သုံးခဲ့ပြီး ဖြစ်သည်။ နောက်တစ်ဆင့် ၎င်းတို့ရေးနေသည့်စာအတွက် အသင့်တော်ဆုံးသမ္ဗန္ဓကို ရွေးချယ်ရန်ဖြစ်သည်၊

### လုပ်ဆောင်ချက် ၃.၅ သင်ယူမှုဦးတည်ချက်ကို ကိုယ်တိုင်ရေးပါ (၄၅ မိနစ်)

၁. သင် သင်ကြားပြီးဖြစ်သည့် သင်ခန်းစာနှင့် ဆက်စပ်အခြေအနေအကြောင်း **တွေး**ပါ။

ကျောင်းသူ/သားများသည် မည်သည့်နေရာမှ စတင်ခဲ့ပါသနည်း။

မည်သည့်ကျွမ်းကျင်မှုများဖွံ့ဖြိုးရန် လိုအပ်ပါသနည်း။

၂. သင်ခန်းစာတွင် သင်ယူသူအားလုံးနှင့် သင့်တော်မည့် သင်ယူမှုဦးတည်ချက်တစ်ရပ်ကို**ရေးပါ**။ 'တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများ' စာရင်းကို ပြန်ကြည့်ပြီး ရည်ရွယ်ထားသည့် သင်ခန်းစာ၏သင်ယူမှုရလဒ်များနှင့် ကိုက်ညီမည့်ကြိယာကို ရွေးချယ်ပါ။ နောင်အခါ အစီအစဉ်ဆွဲရာတွင် အထောက်အကူပြုနိုင်ရန် သင်ယူမှုဂျာနယ်တွင်ဤကြိယာများကိုမှတ်သားထားနိုင်ပါသည်။

## လုပ်ဆောင်ချက် ၃.၄ ဆွေးနွေးချက်

**ပြန်လည်သုံးသပ်ပါ** - အတန်းတွင်းဖော်ဆောင်နေသည့် ကျွမ်းကျင်မှုနှင့် 'တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများ'၏ အစဉ်ကို တွေးပါ။ ယင်းတို့သည် အသိသညာသစ်တစ်ခုကို ပိုင်နိုင်အောင်သင်ယူမှုအဆင့်ဆင့်တို့နှင့် ဆက်နွယ်ပုံကို စဉ်းစားပါ။

တပည့်များအားလုံးအတွက်   ထိရောက်သောသင်ခန်းစာကို ပြင်ဆင်ရာတွင် သင်ယူမှုဦးတည်ချက်ကောင်း၊ သင်ယူမှုရလဒ်ကောင်းများက အထောက်အကူပြုပါသည်။

သင်ယူမှုဦးတည်ချက်သည်

- ✓ သင်ခန်းစာနှင့်**တိုက်ရိုက်**သက်ဆိုင်ရမည်။
- ✓ သင်ယူမှုကိုလေ့လာကြည့်ရှုရန် **တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများ**သုံးပါ။
- ✓ ကျောင်းသူ/သားများအားလုံးအတွက် ပြင်ဆင်ပါ - ကျောင်းသူ/သားများ**အားလုံး**၊ ကျောင်းသူ/သားများ**အများစု**၊ ကျောင်းသူ/သားများ**အချို့**ဟု သုံးနှုန်းပါ။
- ✓ ကျောင်းသူ/သားများဘဝ (သို့) ၎င်းတို့ယေဘုယျလေ့လာနေသည်များနှင့်**ဆီလျော်**ပါစေ။
- ✓ **သင်ခန်းစာအပြီး** ကျောင်းသူ/သားများ **ဘာကိုလုပ်နိုင်မည်**ဖြစ်ကြောင်းပြောပါ။

ဘလွမ်းဇယား(Bloom's taxonomy)မှ တွေးခေါ်သည့်လုပ်ရပ်ပြကြိယာများက အမြင့်ပိုင်းအတွေးအခေါ် ကျွမ်းကျင်မှုကို အားပေးသည်။ (စာပိုဒ်ဖတ်မှုအကြိုမှ စာရင်းကိုသုံးပါ) **အမြင့်ပိုင်းအတွေးအခေါ်စွမ်းရည်**များသည် သင်ယူမှုတွင် သင်ယူသူများကို ပိုမို တက်ကြွစွာ ပါဝင်စေနိုင်ပါသည်။

ထိရောက်သော သင်ယူမှုရလဒ်ကို သုံးကြသည့်အခါ အောက်ပါတို့ကိုတန်ဖိုးထားကြောင်း ပြသပါသည်။

- **တက်ရောက်မှု** - မိမိတပည့်များအကြောင်း၊ ၎င်းတို့၏စိတ်ဝင်စားမှုများအကြောင်းနှင့် သင်ယူမှုအဆင့်တို့ကို သိခြင်း
- **ပါဝင်လုပ်ဆောင်မှု** - ကျောင်းသူ/သားများအားလုံး တက်တက်ကြွကြွပါဝင်သင်ယူလာရေးကို စဉ်းစားပေးခြင်း
- **ပေါက်ရောက်အောင်မြင်မှု** - ကျောင်းသူ/သားများ အောင်မြင်စွာရရှိနိုင်ပြီး တိုင်းတာနိုင်သည့် ရလဒ်များကို အသုံးပြုခြင်း

## လုပ်ဆောင်ချက် ၃.၅ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ပါ - သင် ချမှတ်ထားသည့်/မည့် သင်ယူမှုရလဒ်များသည် မည်မျှအားလုံးအကျုံးဝင်ပါသနည်း။ သင်ခန်းစာအားလုံးမှာ ယင်းတို့ကို ကလေးအားလုံး ရရှိနိုင်ပါသလား။ အောက်ပါစကေးရှိ မိမိကို အနီးစပ်ဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကို ရွေးပါ။




ဤသင်ရိုးပိုင်းအစ မိမိကိုယ်မိမိစစ်ဆေးခြင်းမှရမှတ်နှင့် ဤအမှတ်ကို **နှိုင်းယှဉ်ပါ**။ ခြားနားချက်ရှိလျှင် သင်ယူမှုဂျာနယ်တွင် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု အတိုတစ်ခုကို လုပ်ဆောင်ပါ။

## ၁. အဆင့်ဆင့်သင်ယူမှု

ပြီးခဲ့သည့်အပိုင်းတွင် သင်ယူမှုဦးတည်ချက်ကိုပြည့်မီရန်၊ အထူးသဖြင့် အားလုံးအကျုံးဝင်မှုအကြောင်း၊ သင်ယူသူအားလုံး သင်ယူနိုင်မှုအကြောင်းကို ထည့်သွင်းစဉ်းစားသည့်အခါ၊ သင်ယူမှုကို အဆင့်ဆင့်ခွဲပြီး သင်ယူသူအသီးသီးနှင့် ကိုက်ညီရန် ကွဲပြားခြားနားအောင်သင်ရန် လိုအပ်ခြင်းကြောင်း ဖတ်ရှုခဲ့ပြီ။ ကျွမ်းကျင်မှုတစ်ခုကို သင်ယူသည့်အခါ လိုအပ်သည့် အဆင့်အားလုံးကို (သို့) လုပ်ဆောင်ချက်တစ်ခုပြီးမြောက်စေရန် လိုအပ်သည့်အဆင့်များနှင့်အသိပညာတို့ကို စဉ်းစားလျှင် ပိုမို ထိရောက်အောင် စီစဉ်စေနိုင်မည်ဖြစ်သည်။ ချမှတ်လိုက်သည့် လုပ်ဆောင်ချက်ပြီးစီးရန် လိုအပ်သည့်အဆင့်များကို ဤအပိုင်းတွင် ဦးတည်ဖော်ထုတ်ပါမည်။ အဆင့်ဆင့် သင်ယူနည်းသုံးခြင်း၏ အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုသည် အားလုံးအကျုံးဝင် သင်ကြားရေး အလေ့အကျင့်နှင့် မည်ကဲ့သို့ နှီးနွယ်ကြောင်း စူးစမ်းကြပါမည်။

### လုပ်ဆောင်ချက် ၃.၆ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ခြင်း - ကလေးအားလုံးပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုကို သင် အမြဲတမ်း **အဆင့်ဆင့်ခွဲ** ပါသလား။

အောက်ပါစကေးတွင် **မိမိ**ကို အနီးစပ်ဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။




သင်ရိုးပိုင်းအဆုံးတွင် နောက်တစ်ကြိမ်ထပ်လုပ်ရပါမည်။

### ၄.၁ အဆင့်ဆင့်သင်ယူမှု (လုပ်ဆောင်မှုကို ပိုင်းခြားစိတ်ဖြာလေ့လာချက်)

လူအများစုသည် လမ်းလျှောက်ကြ၊ ရေးသားကြသည့်အခါ မည်သို့လျှောက်၊ မည်သို့ရေးနေကြောင်း မတွေးကြပါ။ ကျွမ်းကျင်မှုကို နိုင်နင်းသွားပါပြီ။ ရင်းနှီးနေသည့် ဟင်းလျာတစ်ခုချက်ပြုတ်ရာတွင် အများစုက သူတို့မည်သို့ချက်နေမှန်း တွေးကြမည်မဟုတ်ပါ။ ထိုဟင်းလျာကို ကြိမ်ဖန်များစွာ ချက်ပြုတ်ဖူးသောကြောင့် အဆင့်တစ်ဆင့်ချင်း မတွေးကြရပါ။ ချက်ပြုတ်နည်း သင်ကြားသည့်အခါ အဆင့်တစ်ဆင့်ချင်း (သို့) အလုပ်တစ်ခုချင်း သင်ပေးရပြီး တစ်ပိုင်းစီကို တစ်ဆင့်ချင်း တွေးတောပြီး မစဉ်းစားဘဲ လုပ်နိုင်သည့်တိုင် ဆက်လုပ်ရပါသည်။ ချက်ပြုတ်နည်းသင်ပေးသည့်အခါ တစ်ဆင့်ချင်း၊ အလုပ်တစ်ခုချင်း တွေးရပါသည်။ တစ်စုံတစ်ယောက်ကို ချက်ပြုတ်နည်း သင်သည့်အခါ ဘာလုပ်ရပါသနည်း။

နာရီကြည့်ပြီး အချိန်ပြောသည့်အကြောင်းတွေးပါ။ နာရီကြည့်ပြီး ၃ နာရီဟုပြောနိုင်ရန် အသိပညာအဆင့်ဆင့်ရှိရပါမည်။ နံပါတ် ၁-၁၂ ထိ သိရှိခြင်းမှစတင်ပြီး နာရီလက်တံသည် ကိန်းဂဏန်းတစ်ခုသို့ညွှန်ထားသောကြောင့် 'ထိုကိန်း'နှင့် တူညီသော အချိန်နာရီရှိပြီ ဖြစ်ကြောင်းပြောခြင်းဖြင့် အဆုံးသတ်ပါသည်။
အချိန်ကိုကျွမ်းကျွမ်းကျင်ကျင်ပြောရာတွင် လိုအပ်သည့် အခြားအဆင့်များကိုကြည့်ပါ။ စာရင်းထဲ နောက်ထပ်ထည့်နိုင်ပါသည်။




Image sources: https://pixabay.com/illustrations/clock-time-organise-office-minutes-4136662/ (free use)

| |
|---|
| ၁ မှ ၁၂ ထိကိန်းဂဏန်းများကို သိသည်။ |
| ၁ မှ ၁၂ ထိ ကိန်းဂဏန်းများကို အစဉ်လိုက်စီသည်။ နာရီပေါ်တွင် ယင်းတို့၏နေရာများနှင့် ရင်းနှီးသွားအောင် နာရီပုံစံစက်ဝိုင်းပေါ်တွင် ထားသည်။ |
| နံနက်ပိုင်း ၁၂ နာရီ၊ နေ့လည်/ညပိုင်း ၁၂ နာရီရှိကြောင်း ရှင်းပြသည်။ |
| နာရီလက်တံနှင့် မိနစ်လက်တံတို့ကို ဖော်ထုတ်သည်။ |
| နာရီလက်တံများ လက်ယာရစ်လည်ပတ်ကြောင်းရှင်းပြသည်။ |
| မိနစ်လက်တံက နာရီပေါ်တွင် တစ်ပတ်ပြည့်အောင် တစ်မိနစ်ကြာသွားရကြောင်း ရှင်းပြသည်။ |
| နာရီလက်တံက ကိန်းဂဏန်းတစ်ခုမှ နောက်တစ်ခုသို့ တစ်နာရီကြာသွားရကြောင်းရှင်းပြသည်။ |
| တစ်နာရီအပြည့်တွင် မိနစ်လက်တံက နံပါတ် ၁၂ သို့ညွှန်ပြသောကြောင့် နောက်တစ်နာရီထိုးပြီဖြစ်ကြောင်းရှင်းပြသည်။ |
| တစ်နာရီအပြည့်တွင် နာရီလက်တံက ကိန်းဂဏန်းတစ်ခုကို ညွှန်ပြသောကြောင့် 'ထိုကိန်းဂဏန်း'နာရီထိုးပြီဟုပြောသည်။ |
| နာရီဝက်နှင့်နာရီတစ်စိတ်ကို ဖော်ပြသည်။ |
| (နာရီ)အလွန်၏ ဆိုလိုရင်းကိုဖော်ပြသည်။ |
| မိနစ်လက်တံက နာရီဝက်မျှရွေ့လျားပြီးသောအခါ ၆ ဂဏန်းကိုညွှန်ပြကြောင်း ရှင်းပြသည်။ |
| မိနစ်လက်တံက ၆ ဂဏန်းကိုညွှန်နေလျှင် နာရီလက်တံဖြတ်သွားပြီးဖြစ်သော ဂဏန်းမှ နာရီဝက်ကျော်သွားကြောင်း ပြောသည်။ |

အနိမ့်ဆုံးအဆင့်မှစတင်၍ နာရီကြည့်ပြီးအချိန်ပြောလျှင် ကိန်းဂဏန်းကိုသိရှိမှုကိုသာ အမှန်တကယ်လိုအပ်ပါမည်။ အချိန်ကိုနိုင်နိုင်နင်းနင်း ပြောတတ်စေရန် နောက်ထပ်အဆင့်များ ရှိသေးသော်လည်း အဆင့်အားလုံးကို ပိုင်နိုင်သွားလျှင် အချိန်ကိုခန့်မှန်းခြင်း၊ အချိန်မည်မျှကြာသွားကြောင်း၊ ဖြစ်ရပ်များအကြား အချိန်မည်မျှကြာကြောင်း အကဲဖြတ်ခြင်း၊ နံပါတ်မပါသည့် နာရီပေါ်မှ အချိန်ကြည့်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါမည်။



Image source: https://pixabay.com/vectors/clock-time-icon-hours-minutes-5985786/ (free use)

မူလတန်းသင်ရိုးညွှန်းတမ်းတွင် အချိန်ပြောနည်းကိုသင်ယူခြင်းကဲ့သို့သော အသိသညာများသင်ယူမှုကို နှစ်အတန်ကြာ အဆင့်ဆင့်ဖြန့်ကျက်သင်ကြားပေးကြပါသည်။ ဤကျွမ်းကျင်မှုကိုနိုင်နင်းရန် တစ်တန်းလုံး/တစ်နှစ်လုံးကုန်ဆုံးမည်ဟုလည်း မမျှော်လင့်ကြပါ။ ဥပမာ အတန်းငယ်များတွင် ဆရာ/မတို့က ကိန်းဂဏန်းများကိုမှတ်မိခြင်းနှင့် တစ်ခုလုံးနှင့်တစ်ဝက် အယူအဆကိုသာ သင်ကြားပါလိမ့်မည်။

အခြေခံကျွမ်းကျင်မှုဖြစ်သည့် ကိန်းဂဏန်းများကို မှတ်မိခြင်းကိုကြည့်လျှင်ပင် ကလေးအတွက် ကိန်းဂဏန်းများကိုတွေ့ရသည့် ပထမဦးဆုံး အတွေ့အကြုံဖြစ်ခဲ့လျှင် ဆရာ/မမှ ၁၊ ၂၊ ၃ ဖြင့်စတင်ပြီး ထိုကိန်းဂဏန်းများနှင့် ရင်းနှီးမှသာလျှင် အခြားကိန်းများကို သိရှိမှတ်မိရန် ဆက်သွားရမည်ဖြစ်သည်။

Implemented by: BRITISH COUNCIL The Open University VSO montrose

## ၁.၂ အဆင့်ဆင့်သင်ယူမှု၏ အကျိုးကျေးဇူးများ

မိမိတို့၏အလုပ်လုပ်သည့်မှတ်ဉာဏ်က အကန့်အသတ်ရှိသောကြောင့် တစ်ချိန်တည်း အများကြီးလုပ်ရန် ခက်ခဲကြောင်း တွေ့ရပါမည်။ ဆိုလိုသည်မှာ မိမိတို့က မမှတ်နိုင်တော့ခြင်း၊ လက်လျှော့ခြင်း၊ စိတ်ဖိစီးမှု/ဖိအားများခံစားရခြင်းတို့ဖြစ်ပါသည်။ လုပ်စရာများကို ခြေနိုင်လက်နိုင် အပိုင်းများ၊ အဆင့်များ ခွဲခြားလိုက်သည့်အခါ ပိုမိုအောင်မြင်နိုင်ပါသည်။ ထိုအဆင့်တစ်ခုမှာ တစ်ခုခုမလုပ်မီ ဆွေးနွေးရန်အချိန်ပေးခြင်းသော်လည်းကောင်း၊ သင်ခန်းစာအတွင်း မိမိလုပ်ထားသည်များ မှန်မမှန် စစ်ဆေးရန် ဆွေးနွေးခြင်းသော်လည်းကောင်းဖြစ်နိုင်ပါသည်။ သင်ယူသူများကို စာစီစာကုံးရေးစေသည့်အခါ ၎င်းတို့စိတ်ကူးများကိုစုစည်းရန်၊ စိတ်ကူးစိတ်သန်းများကိုရေးမှတ်ရန်၊ ယင်းတို့ကို အစီအစဉ်တကျ စီပေးရန်၊ စာစီစာကုံးဖတ်ရန်နှင့် ပြန်လှန်သုံးသပ်ရန် အချိန် လိုအပ်ပါသည်။ တစ်ဆင့်ပြီးတစ်ဆင့်ရေးသားခြင်းက အရည်အသွေးပိုမိုကောင်းမွန်သော စာစီစာကုံးတစ်ပုဒ် ရေးထုတ်နိုင်စေ ပါမည်။

စာသင်ခန်းအတွင်း ဤနည်းလမ်းကိုအသုံးပြုသောအခါ ထင်ရှားသည့်အကျိုးကျေးဇူးအချို့မှာ

- ဆရာ/မများမှ သင်ယူသူများ တစ်ဆင့်ချင်း လုပ်နိုင် (သို့) သိရှိနိုင်သည့်အခါကျမှ နောက်တစ်ဆင့်ဆက်သွားပါသည်။
- ရှေ့ဆက်ရန် အဆင့်များကို ဆရာ/မတို့က ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြီးလျှင် လုပ်ဆောင်ဖွယ်များ ပိုရှင်းအောင် (သို့) ပိုခက်အောင် လုပ်ရန်လွယ်ကူသွားပါပြီ။ သင်ခန်းစာအတွင်း ကွဲပြားခြားနားအောင်သင်ကြားခြင်း၊ အဆင့်တစ်ဆင့်တွင် အခက်ကြုံနေသည့် သင်ယူသူများအား ပံ့ပိုးခြင်း၊ နောက်တစ်ဆင့်အတွက် အဆင်သင့်ဖြစ်နေသည့် သင်ယူသူများအား ဆက်သွားစေခြင်းတို့ လုပ်ဆောင်နိုင်ပါပြီ။
- သင်ယူသူတစ်ယောက်အခက်ကြုံနေလျှင် ၎င်းအဆင်ပြေမည့် အဆင့်သို့ပြန်သွားပြီး ထိုနေရာမှတစ်ဖန် အခြေပြု သင်ကြားနိုင်ပါသည်။
- ပိုမိုခက်ခဲသည့် အဆင့်တစ်ဆင့် စမလုပ်မီ သင်ယူသူများ အဆင်ပြေသည့် အဆင့်တွင် အချိန်ပေးလေ့ကျင့်စေပြီး ၎င်းတို့ လုပ်ရဲကိုင်ရဲဖြစ်အောင် ဆရာ/မတို့ပျိုးထောင်နိုင်ပါသည်။
- ကျွမ်းကျင်မှုတစ်ခုလုံး(သို့)လုပ်ဆောင်ဖွယ်တစ်ခုလုံးကို တစ်ခါတည်းလုပ်ကြည့်မည့်အစား သင်ယူသူများ တစ်ကြိမ်လျှင် တစ်ဆင့်စီ စဉ်းစားနိုင်ပါသည်။

### လုပ်ဆောင်ချက် ၃.၇ – အဆင့်ဆင့်သင်ယူမှုကို စမ်းသပ်လုပ်ဆောင်ခြင်း (၂၀ မိနစ်)

လုပ်ဆောင်ဖွယ်တစ်ခုပြီးမြောက်ရန်အတွက် လုပ်ကိုင်ရမည့် ရိုးရိုးရှင်းရှင်းအဆင့်များကို အောက်ပါဗီဒီယိုကားတိုတစ်ခုတွင် ကြည့်ပါ။ တစ်ခု (သို့) နှစ်ခုလုံး လုပ်နိုင်ပါသည်။



https://www.youtube.com/watch?v=E6IIIMYOPmI



Watch from 1.44

https://www.youtube.com/watch?v=GFsNnAurVLA

သင်ယူမှုဂျာနယ်ဖြင့် အောက်ပါမေးခွန်းများကိုဖြေရန် ပြန်လည်သုံးသပ်ပါ။ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးပြီး ဤအချက်အလက်များကို မိမိသင်ကြားရေးအလေ့အကျင့်ဖြင့် မည်ကဲ့သို့ ဆက်နွယ်ကြောင်း ဆွေးနွေးပါ။

၁. နောက်တစ်ဆင့်ဆက်လုပ်ရန် အထောက်အကူပြုမည့် အဆင့်များ ပျောက်ဆုံးနေပါသလား။

၂. ရလဒ်ကိုအရင်တွေ့ရခြင်းက အထောက်အကူဖြစ်ပါသလား။

မိမိ သင်ကြားမှုအလေ့အကျင့်နှင့် ဆက်နွယ်ပါ။

၁. သင်ယူမှုရလဒ်၏ အဖြေကို သင်ယူသူများနှင့် မည်မျှဝေမျှဖူးပါသနည်း။

၂. စာသင်ကြားစဉ် အရေးကြီးသည့် အဆင့်တစ်ဆင့် လွတ်သွားကြောင်း သိလိုက်လျှင် မည်သို့လုပ်နိုင်ပါသနည်း။

၃. ကလေးများအားလုံးအတွက် ဤမျှသေးငယ်သည့်အဆင့်များ ခွဲခြားသင်ကြားရန် လိုအပ်မည်ဟု ထင်ပါသလား။

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၃.၈ ကျွမ်းကျင်မှုအသစ်သင်ကြားရာတွင် အဆင့်ဆင့်စီစဉ်ခြင်း

အဆင့်များကို ၁-၇ ထိစီပေးပါ။

ယခင်က စက်ဘီးမစီးဘူးပါ

စက်ဘီးစတင်စီးနိုင်၊ တည့်တည့်နင်းနိုင်၊ ဘရိတ်သုံးပြီး ရပ်နိုင်ပါသည်။



အလေ့အကျင့်

စက်ဘီးအနေအထား စမ်းပြီး တွန်းကြည့်သည်။

စလုပ်၊ တက်၊ ထိုင်၊ ရပ်

စလုပ်၊ တက်၊ ထိုင်၊ နင်း၊ ရပ်

စလုပ်၊ တက်

စလုပ်၊ တက်၊ ရပ်

ဘရိတ်သုံးသည်။

Image source: https://www.maxpixel.net/Bike-Pedals-Handle-Bars-Wheels-Cycling-Bicycle-5549541 (free use)

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



## လုပ်ဆောင်ချက် ၃.၈ အဖြေ

| | |
|---|---|
| ၁ | စက်ဘီးကိုစမ်းပြီး တွန်းကြည့်ပါ။ |
| ၂ | ဘရိတ်သုံးပါ။ |
| ၃ | စလုပ်ပြီး တက်ပါ။ |
| ၄ | စလုပ်၊ တက်၊ ရပ်ပါ။ |
| ၅ | စလုပ်၊ တက်၊ ထိုင်၊ ရပ်ပါ။ |
| ၆ | စလုပ်၊ တက်၊ ထိုင်၊ နင်း၊ ရပ်ပါ။ |
| ၇ | အလေ့အကျင့် |

'အလေ့အကျင့်'အဆင့်ကို အဆင့်တစ်ခုချင်းအတွင်းတွင် မည်သည့်နေရာမဆို (သို့) သင်ယူသူ၏ ယုံကြည်စိတ်ချမှုအပေါ် မူတည်ပြီး အဆင့်တစ်ဆင့်ပြီးတိုင်း ထည့်သုံးရန်ဖြစ်ပါသည်။ ထို့အပြင် 'ဘရိတ်သုံးပါ'ကဲ့သို့သော အဆင့်များကို အောက်ပါအတိုင်း အသေးစိတ်အဆင့်များ ခွဲခြားနိုင်ပါသေးသည်။

၁. စက်ဘီးနှင့်အတူရပ်ပြီး ဘရိတ်ကိုဆွဲ၊ မည်သို့ဖြစ်မည်ကိုစစ်ဆေးပါ။

၂. လမ်းလျှောက်၊ စက်ဘီးတွန်းပြီး ဘရိတ်ဆွဲပါ။

၃. စသွားပါ၊ စက်ဘီးပေါ်တက်ပါ၊ ပထမတွင် နှေးနှေးသွားရန် ဘရိတ်ကို သတိထားပြီးဆွဲပါ၊ ပြီးလျှင် ဆင်းပါ။

၄. စသွားပါ၊ စက်ဘီးပေါ်တက်ပါ၊ ဘရိတ်ဆွဲပါ၊ ဆင်းပါ။ အရေးပေါ်ဆင်းပါ။

မိမိတို့က တစ်စုံတစ်ခုကိုတတ်ကျွမ်းပြီး မစဉ်းစားဘဲ လုပ်နိုင်သည့်အခါ ကျွမ်းကျင်မှု (သို့) ဗဟုသုတကို အသေးစိတ်အဆင့်များ ခွဲရန် ခက်ခဲပါမည်။ ကျောင်းသူ/သားများအတွက် သင်ယူမှုရလဒ်များ စီစဉ်သောအခါ ရလဒ်၊ အောင်မြင်စေလိုသည့်အရာတို့ကို ပထမစဉ်းစားပြီး ယင်းတို့ကို ပေါက်မြောက်အောင်မြင်နိုင်မည့် အဆင့်များကို ဦးစွာကြိုတွေးလျှင်အထောက်အကူ ဖြစ်နိုင်ပါသည်။ ဆရာအတတ်သင် သင်တန်းသူ/သားများ၊ စာစတင်သင်ကြားသူများအတွက် အောက်ပါအဆင့်များသည် အသုံးဝင်နိုင်ပါသည်။

- ကျွမ်းကျင်မှု (သို့) လုပ်ဆောင်ဖွယ်ကို ကိုယ်တိုင်လုပ်ပြီး မိမိလုပ်နေ (သို့) စဉ်းစားနေသောအရာအကြောင်း အလုံးစုံကို တွေးတောပါ။ အချို့အဆင့်များကို စဉ်းစားရန်မလိုဘဲ လုပ်နိုင်သောကြောင့် ယင်းတို့ကို ဂရုတစိုက် စောင့်ကြည့်၊ စဉ်းစားရပါမည်။
- သင် လုပ်သည့်အဆင့်များကို စာရင်းပြုစုပါ။
- တစ်စုံတစ်ယောက်အား သင့်စာရင်းမှအဆင့်များအတိုင်း လိုက်လုပ်စေပြီး ၎င်းတို့ဘာတွေးနေကြောင်းပြောကြပါစေ - သင် လွတ်သွားသည့်အဆင့်များ ရှိပါသလား။
- သင့်တပည့်များ အဆင့်များအတိုင်း လုပ်ဆောင်နေပုံကို ဂရုတစိုက်ကြည့်ပါ။ အဆင့်တစ်ဆင့်တွင် ၎င်းတို့ အခက်ကြုံရလျှင် ကြားမှာ အဆင့်တစ်ဆင့်ဆင့် သင် လွတ်သွားပြီလား။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

တစ်ကြိမ်လျှင်တစ်ဆင့်စီ လုပ်ခြင်းဖြင့် သင်ယူသူများ ‘ငါမလုပ်နိုင်ဘူး’ဆိုသည်ထက် ‘ငါလုပ်နိုင်တယ်’ဟု တွေးတောရန် အထောက်အကူပြုပါမည်။ သင်ယူစေမည့် အသိပညာ၊ လုပ်ရမည့် လုပ်ဆောင်ချက်တို့ ခက်ခဲမည့်ပုံရှိလျှင် သင်ယူသူများသည် ‘ကျွန်တော်/မ မလုပ်နိုင်ပါဘူး’ (သို့) ‘ဘယ်တော့မှလုပ်နိုင်မှာမဟုတ်ပါဘူး’ဟု ဆိုလေ့ရှိကြသည်။ အဆင့်ငယ်များက ၎င်းတို့ ‘ကျွန်တော်/မလုပ်နိုင်တယ်’ ပြောနိုင်အောင် ကူညီပေးပြီး တစ်ဆင့်စီပြီးမြောက်သွားသည့်အခါ ယုံကြည်မှုလည်း တိုးလာပါသည်။

### ဆွေးနွေးချက်

- လုပ်ဆောင်စရာ၊ ကျွမ်းကျင်မှု၊ အသိပညာတစ်ခုခုကို သင်ယူမှုအတွက် အဆင့်ငယ်များခွဲခြင်းဖြင့် ကျောင်းသူ/သားများ အားလုံးအတွက် ထိရောက်သော သင်ခန်းစာများ စီစဉ်စေနိုင်ပါသည်။
- သင်ယူမှုအဆင့်တစ်ဆင့်ချင်းကိုသိခြင်းဖြင့် သင်ယူသူများအခက်ကြုံသည့်အခါ မိမိတို့ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။
- တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ခြင်းက မိမိတို့ အလုပ်လုပ်သည့် မှတ်ဉာဏ်အတွက် ပိုမိုလွယ်ကူစေပါသည်။
- တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်ပါသည်။
- လုပ်ဆောင်စရာ၊ ကျွမ်းကျင်မှု၊ အသိပညာတစ်ခုခုကို အဆင့်ဆင့်ခွဲခြမ်းရာတွင် သေသေချာချာ စဉ်းစားရမည်ဖြစ်ပြီး အဆင့်ငယ်တိုင်း ပါဝင်ခြင်း ရှိမရှိ စစ်ဆေးရပါမည်။

အဆင့်ဆင့်သင်ယူမှုအသုံးပြုရာတွင် အောက်ပါတို့ကို တန်ဖိုးထားကြောင်းသက်သေပြရပါမည်။

- **တက်ရောက်မှု** - သင်ယူသူတစ်ဦးချင်းကို မိမိတို့မည်ကဲ့သို့ကူညီနိုင်ကြောင်းစဉ်းစားခြင်း
- **ပါဝင်လုပ်ဆောင်မှု -** သင်ယူသူအားလုံးကိုအားပေးခြင်းနှင့် မိမိကိုယ်ကိုယုံကြည်မှုရှိလာစေခြင်း
- **ရရှိမှု -** ခြေလှမ်းငယ်အဆင့်ဆင့်ဖြင့် အောင်မြင်မှုထံဦးတည်စေခြင်း

## ၅. နိဂုံး

ဤသင်ရိုးပိုင်းတွင်

၁. သင်ယူမှုရလဒ်ကောင်းနှင့် သင်ယူမှုဦးတည်ချက်ကောင်းတို့၏ အင်္ဂါရပ်များကို ရှင်းပြခဲ့ပါသည်။

၂. သင်ယူမှုဦးတည်ချက်နှင့် သင်ယူမှုရလဒ်များတိကျပြီး သင်ယူမှုတိုးတက်အောင် တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ၏ အရေးပါပုံကို မှတ်သားခဲ့ပါသည်။

၃. ဘလွမ်း၏ဇယားကိုအသုံးပြုလျက် ‘တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ’နှင့် သင်ယူမှုရလဒ်တို့က အတွေးအခေါ်အနိမ့်အမြင့် ဖန်တီးမှုရှိမရှိ စဉ်းစားခဲ့ပါသည်။

၄. တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကိုသုံးလျက် သင်ယူမှုဦးတည်ချက်နှင့် သင်ယူမှုရလဒ်များကို ရေးသားခဲ့ပါသည်။

၅. သင်ယူမှုကို အဆင့်ဆင့်ခွဲသည့်နည်းစနစ်ဖြင့် အပိုင်းပိုင်းခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။

၆. အဆင့်ဆင့်သင်ယူမှုပါဝင်အောင် သင်ခန်းစာအစီအစဉ်/လုပ်ဆောင်ဖွယ်များကို လိုက်လျောညီထွေပြုပြင်ခဲ့ပါသည်။

### ဤသင်ရိုးပိုင်းမှအဓိကအချက်များ

- သင်ယူသူများ၏ပညာရေးလိုအပ်ချက်များ သိထားခြင်းဖြင့် အားလုံးပေါက်မြောက်အောင်မြင်နိုင်ပြီး အားလုံး အကျုံးဝင်မှုကို ပံ့ပိုးပေးနိုင်သည့် သင်ယူမှုရလဒ်ကို လျော်ကန်စွာဖန်တီးရာတွင်အထောက်အကူဖြစ်ပါသည်။

- 'တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ'သုံးပြီး ကျွမ်းကျင်မှုကို စူးစိုက်ခြင်းဖြင့် တိကျပြီး တိုင်းတာနိုင်၊ ပေါက်မြောက်အောင်မြင်နိုင်သော၊ ဆီလျော်ပြီး အချိန်ကိုက်ဖြစ်သော (SMART)သင်ယူမှုရည်မှန်းချက်များဖြစ်စေနိုင်ပါသည်။
- သင်ယူမှုကို အဆင့်ဆင့်ခွဲခြားခြင်းဖြင့် သင်ယူသူများအား မိမိကိုယ်ပိုင်နှုန်းဖြင့် အသီးသီးတိုးတက်စေပါသည်။ သင်ယူမှုဖြစ်စဉ်တွင် သင်ယူသူများသည် တန်ဖိုးထားခံရသည်၊ အကျုံးဝင်သည်ဟု ခံစားရပြီး သင်ယူမှုအဆင့်ဆင့်ကို ကိုယ်တိုင်လုပ်နိုင်ခြင်းတို့ကြောင့် ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုနှင့် အောင်မြင်မှုတို့ရရှိလာနိုင်မည် ဖြစ်ပါသည်။
- ကောင်းမွန်သည့် သင်ယူမှုရလဒ်များကိုအသုံးပြုသည့်အခါ မိမိတို့သည် တပည့်များအကြောင်း၊ ၎င်းတို့စိတ်ဝင်စားမှုအကြောင်း၊ သင်ယူမှုမည်သည့်အဆင့်တွင်ရှိနေကြောင်း သိခြင်းဖြင့် **တက်ရောက်မှု**ကိုလည်းကောင်း၊ တက်ကြွသည့်သင်ယူမှုတွင် ဆောင်ရွက်နိုင်ပုံကိုစဉ်းစားခြင်းဖြင့် **ပါဝင်လုပ်ဆောင်မှု**ကိုလည်းကောင်း၊ တပည့်များ အောင်မြင်စွာရရှိနိုင်ပြီး တိုင်းတာနိုင်သောရလဒ်များကို အသုံးပြုခြင်းဖြင့် **ပေါက်မြောက်အောင်မြင်မှု** ဖြင့်လည်းကောင်း မိမိတို့တန်ဖိုးထားကြောင်း ပြသနိုင်ပါသည်။
- အဆင့်ဆင့်သင်ယူမှုကိုအသုံးပြုရာတွင် သင်ယူသူတစ်ဦးချင်းကို မည်ကဲ့သို့ကူညီနိုင်ကြောင်း စဉ်းစားပေးခြင်းဖြင့် **တက်ရောက်မှု**ကိုလည်းကောင်း၊ သင်ယူသူအားလုံးကိုအားပေးပြီး ယုံကြည်မှုဖြစ်ပေါ်လာစေခြင်းဖြင့် **ပါဝင်ဆောင်ရွက်မှု**ကိုလည်းကောင်း၊ ခြေလှမ်းငယ်လေးများဖြင့် အောင်မြင်မှုဆီဦးတည်ပေးခြင်းဖြင့် **ပေါက်မြောက်အောင်မြင်မှု**ကိုလည်းကောင်း မိမိတို့တန်ဖိုးထားကြောင်း ပြသနိုင်ပါသည်။

## ၆.သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့်အောင်မြင်ရန် စိတ်ကြိုက် အကြိမ်ကြိမ် ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းများအတွက် အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - အဘယ်ကြောင့် (SMART) သင်ယူမှုဦးတည်ချက်ကောင်းများ ရေးသားရန်လိုအပ်ပါသနည်း။ (အဖြေ ၃ ခု ရွေးပါ)

က. မိမိတို့သင်ခန်းစာအစီအစဉ် အရေးကြီးသည်ဟု ထင်ကြစေရန်

ခ. ထိရောက်သောသင်ခန်းစာကို လွယ်လင့်တကူပြင်ဆင်နိုင်ရန်

ဂ. မိမိတို့ ထိုသို့လုပ်ရန် အခြားသူများက မျှော်လင့်ထားကြသောကြောင့်

ဃ. မိမိတို့၏သင်ယူသူများ သင်ခန်းစာရည်ရွယ်ချက်နှင့်သင်ယူမှုလုပ်ဆောင်ချက်များကို နားလည်စေရန်

င. စစ်ဆေးအကဲဖြတ်ရေးအတွက် ရှင်းလင်းသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်

မေးခွန်း ၂ - SMART ဟူသည် အဘယ်နည်း။

က. Specific, meaningful, assessed, realistic, transferable

ခ. Specific, measurable, achievable, relevant, timed

ဂ. Summary, managed, achievable, reliable, teachable

ဃ. Student-focused, monitored, active, relevant, timed

မေးခွန်း ၃ - အတန်းထဲမှ သင်ယူသူအားလုံးအတွက် သင်ယူမှုရလဒ်ကို မည်သို့ရေးနိုင်ပါမည်နည်း။

က. 'သင်ယူသူ**အားလုံး**'၊ 'သင်ယူသူ**အများစု**'နှင့် 'သင်ယူသူ**အချို့**'ဟူသည့် ဝေါဟာရများသုံးပြီး သင်ယူမှုရလဒ်ကိုရေးပါ။

ခ. သင်ယူသူအချို့အတွက် အလွန်လွယ်ကူသော်လည်း သင်ယူသူအားလုံးရရှိနိုင်သည့်ရလဒ်ကိုရေးပါ။

ဂ. သင်ယူမှုရလဒ်သည် သင်ယူသူအားလုံးအတွက် မဆီလျော်ပါက သင်ယူမှုရလဒ်ရှိရန် မပူပန်ပါနှင့်။

မေးခွန်း ၄ - တိုင်းတာနိုင်သောသင်ယူမှုဦးတည်ချက်ရေးရန် မည်သည်ကို သုံးသင့်ပါသနည်း။
က. 'သိရန်'ဟူသည့်ကြိယာ
ခ. 'နားလည်ရန်'ဟူသည့်ကြိယာ
ဂ. တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ

မေးခွန်း ၅ - ဘလွမ်း၏ဇယားရှိ အမြင့်ပိုင်းအတွေးအခေါ်မှ တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို သုံးခြင်းဖြင့်
က. သင်ယူသူများ ပိုမိုမှတ်မိစေရမည်။
ခ. သင်ယူသူများ ပိုမိုတွေးတော၊ ပိုမိုပါဝင်လုပ်ဆောင်ပြီး ၎င်းတို့သင်ယူမှုတွင် ပိုမိုတက်ကြွစွာပါဝင်လာရမည်။
ဂ. သင်ယူသူများကိုယ်တိုင် ကြိုးစားသင်ယူရမည်။

မေးခွန်း ၆ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာကို အဆင့်ဆင့်သင်ယူနိုင်အောင် ခွဲခြမ်းစိတ်ဖြာပေးခြင်း (ပိုင်းခြားစိတ်ဖြာလေ့လာချက်)ဖြင့် သင်ယူသူများအတွက် အထောက်အကူပြုနိုင်ခြင်းမှာ (အဖြေ ၃ ခု ရွေးပါ)
က. နောက်တစ်ဆင့်ဆက်မသွားမီ သင်ယူသူများ တစ်ဆင့်စီလုပ်နိုင်ရန် သေချာစေသောကြောင့်
ခ. သင်ယူသူများသည် တစ်ကြိမ်လျှင် တစ်ဆင့်စီ အာရုံစိုက်နိုင်သောကြောင့်
ဂ. သင်ယူသူများအား လေ့လာစရာ လုပ်စရာ များစွာပေးနိုင်သောကြောင့်
ဃ. တစ်ဆင့်စီကို ပေါက်မြောက်အောင်မြင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်သောကြောင့်
င. သင်ယူသူများအား ပိုမိုစစ်ဆေးနိုင်သောကြောင့်

မေးခွန်း ၇ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာတို့အား အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာရာတွင် (ပိုင်းခြားစိတ်ဖြာလေ့လာချက်) မိမိတို့ လုပ်ဆောင်ရန်မှာ
က. လုပ်ဆောင်ချက်ပြီးအောင် မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစားပြီး အားလုံးရေးချခြင်း
ခ. လုပ်ဆောင်ချက်ပြီးအောင်မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစား၊ အားလုံးရေးချပြီး လုပ်ဖွယ်အဆင့်ဆင့်စာရင်းကို စမ်းသပ်စစ်ဆေးကာ မေ့သွားသည်များရှိမရှိ ဂရုတစိုက်စောင့်ကြည့်ခြင်း

## သင်ရိုးပိုင်း ၃ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးမည်း**ဖြင့်ပေးထားသည်

မေးခွန်း ၁ - အဘယ်ကြောင့် (SMART) သင်ယူမှုဦးတည်ချက်ကောင်းများ ရေးသားရန်လိုအပ်ပါသနည်း။ (အဖြေ ၃ ခု ရွေးပါ)

က. မိမိတို့သင်ခန်းစာအစီအစဉ် အရေးကြီးသည်ဟု ထင်ကြစေရန်

**ခ. ထိရောက်သောသင်ခန်းစာကို လွယ်လင့်တကူပြင်ဆင်နိုင်ရန်**

ဂ. မိမိတို့ ထိုသို့လုပ်ရန် အခြားသူများက မျှော်လင့်ထားကြသောကြောင့်

**ဃ. မိမိတို့၏သင်ယူသူများ သင်ခန်းစာရည်ရွယ်ချက်နှင့်သင်ယူမှုလုပ်ဆောင်ချက်များကို နားလည်စေရန်**

**င. စစ်ဆေးအကဲဖြတ်ရေးအတွက် ရှင်းလင်းသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်**

*ရှင်းလင်းချက်*

ကောင်းမွန်သည့်သင်ယူမှုဦးတည်ချက်ကို အချိန်ယူရေးခြင်းဖြင့် သင်ခန်းစာ စီစဉ်ရန်ပိုမိုလွယ်ကူစေပြီး သင်ခန်းစာလည်း ပိုမိုထိရောက်လာပါမည်။ မိမိတပည့်များက မိမိတို့ဘာမျှော်မှန်းထားကြောင်း၊ ၎င်းတို့ အဘယ်ကြောင့် သင်ယူနေကြောင်းတို့ကို နားလည်သွားပါမည်။ တပည့်များသည် ရလဒ်များကို အောင်မြင်စွာ ရရှိခြင်းရှိမရှိ စစ်ဆေးခြင်းဖြင့် သိမြင်စေပါမည်။

မေးခွန်း ၂ - SMART ဟူသည်အဘယ်နည်း။

က. Specific, meaningful, assessed, realistic, transferable

**ခ. Specific, measurable, achievable, relevant, timed**

ဂ. Summary, managed, achievable, reliable, teachable

ဃ. Student-focused, monitored, active, relevant, timed

*ရှင်းလင်းချက်*

ရလဒ်ဟူသည်မှာ သင်ခန်းစာအတွက် အတိအကျ(**S**pecific)ဖြစ်ပြီး၊ သင်ယူမှုကို လေ့လာသုံးသပ်စေနိုင်ရန် တွေးခေါ်မှု လုပ်ရပ်ပြကြိယာတစ်ခုသုံးခြင်းဖြင့် တိုင်းတာနိုင်(**M**easurable)သည်။ ကလေးအားလုံးအတွက် အောင်မြင်မှုရရှိ (**A**chievable) စေနိုင်သည်။ အသေးစိတ်များများစားစားရေးမထားဘဲ ကျောင်းသူ/သားများဘဝနှင့်လည်း ဆီလျော် (**R**elevant) ပြီး သင်ခန်းစာအပြီးတွင် ကျောင်းသူ/သားများ မည်သည်ကိုလုပ်နိုင်မည်မှန်း အချိန်ကိုက် (**T**imed)ပြောကြားခြင်းဟူသည့် အခြင်းအရာများ ရှိသင့်ပါသည်။

မေးခွန်း ၃ - အတန်းထဲမှ သင်ယူသူအားလုံးအတွက် သင်ယူမှုရလဒ်ကို မည်သို့ရေးနိုင်ပါမည်နည်း။

**က. 'သင်ယူသူအားလုံး'၊ 'သင်ယူသူအများစု'နှင့် 'သင်ယူသူအချို့'ဟူသည့် ဝေါဟာရများသုံးပြီး သင်ယူမှုရလဒ်ကိုရေးပါ။**

**ခ. သင်ယူသူအချို့အတွက် အလွန်လွယ်ကူသော်လည်း သင်ယူသူအားလုံးရရှိနိုင်သည့်ရလဒ်ကိုရေးပါ။**

ဂ. သင်ယူမှုရလဒ်သည် သင်ယူသူအားလုံးအတွက် မဆီလျော်ပါက သင်ယူမှုရလဒ်ရှိရန် မပူပန်ပါနှင့်။

*ရှင်းလင်းချက်*

'သင်ခန်းစာအဆုံးတွင်သင်ယူသူအားလုံး' ကို အတန်းတွင်းရှိသင်ယူသူတိုင်း အောင်မြင်စွာရရှိနိုင်သည့် ရလဒ်များအတွက် အသုံးပြုပါသည်။ 'သင်ခန်းစာအဆုံးတွင်သင်ယူသူအများစု'ကို စာပိုရသည့် သင်ယူသူများ အောင်မြင်စွာရရှိနိုင်သည့် ရလဒ်အတွက် အသုံးပြုပါသည်။ 'သင်ခန်းစာအဆုံးတွင်သင်ယူသူအချို့'ကို စာအရဆုံး ကလေးများ အောင်မြင်စွာရရှိနိုင်သည့် ရလဒ်အတွက် အသုံးပြုပါသည်။

မေးခွန်း ၄ - တိုင်းတာနိုင်သောသင်ယူမှုဦးတည်ချက်ရေးရန်မည်သည်ကို သုံးသင့်ပါသနည်း။
က. 'သိရန်'ဟူသည့်ကြိယာ
ခ. 'နားလည်ရန်'ဟူသည့်ကြိယာ
**ဂ. တွေးခေါ်မှုလုပ်ရပ်ပြကြိယာများ**

*ရှင်းလင်းချက်*

သင်ယူသူများတစ်ခုခုကို သိမသိ၊ နားလည်မလည် ကျွန်ုပ်တို့မမြင်နိုင်ပါ။ သူတို့၏ ဦးနှောက်အတွင်းကို ထိုးထွင်းမမြင်နိုင်ပါ။ မမြင်ရသည့်အရာကို တိုင်းတာရန် ခက်ခဲပါသည်။ မိမိတို့က တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို သုံးခဲ့လျှင် သင်ယူသူများ၏ လုပ်ဆောင်ချက်ကိုသော်လည်းကောင်း၊ လုပ်ဆောင်ချက်၏ရလဒ်ကိုသော်လည်းကောင်း တွေ့မြင်နိုင်ပါသည်။ မြင်ရလျှင် တိုင်းတာနိုင်ပါသည်။

မေးခွန်း ၅ - ဘလွမ်း၏ဇယားရှိ အမြင့်ပိုင်းအတွေးအခေါ်မှ တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို သုံးခြင်းဖြင့်
က. သင်ယူသူများ ပိုမိုမှတ်မိစေရမည်။
**ခ. သင်ယူသူများ ပိုမိုတွေးတော၊ ပိုမိုပါဝင်လုပ်ဆောင်ပြီး ၎င်းတို့သင်ယူမှုတွင် ပိုမိုတက်ကြွစွာပါဝင်လာရမည်။**
ဂ. သင်ယူသူများကိုယ်တိုင် ကြိုးစားသင်ယူရမည်။

*ရှင်းလင်းချက်*

အမြင့်ပိုင်းအတွေးအခေါ်များဖြစ်သည့် ပိုင်းခြားစိတ်ဖြာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ဖန်တီးခြင်းတို့သည် မှတ်မိခြင်း၊ နားလည်ခြင်းတို့ထက် ပိုမိုစဉ်းစားတွေးခေါ်ရန်လိုအပ်ပါသည်။ သင်ယူသူများပိုမိုတွေးခေါ်ကြသည့်အခါ သင်ယူမှု လုပ်ဆောင်ချက်တွင် ပိုမို ပါဝင်လာရပါသည်။ ပိုမိုပါဝင်လာလေလေ၊ ပိုမိုသင်ယူပြီး မှတ်မိလေလေဖြစ်သည်။

မေးခွန်း ၆ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာကို အဆင့်ဆင့်သင်ယူနိုင်အောင် ခွဲခြမ်းစိတ်ဖြာပေးခြင်း (ပိုင်းခြားစိတ်ဖြာလေ့လာချက်)ဖြင့် သင်ယူသူများအတွက် အထောက်အကူပြုနိုင်ခြင်းမှာ (အဖြေ ၃ ခု ရွေးပါ)
**က. နောက်တစ်ဆင့်ဆက်မသွားမီ သင်ယူသူများ တစ်ဆင့်စီလုပ်နိုင်ရန် သေချာစေသောကြောင့်**
**ခ. သင်ယူသူများသည် တစ်ကြိမ်လျှင် တစ်ဆင့်စီ အာရုံစိုက်နိုင်သောကြောင့်**
ဂ. သင်ယူသူများအား လေ့လာစရာ လုပ်စရာ များစွာပေးနိုင်သောကြောင့်
**ဃ. တစ်ဆင့်စီကို ပေါက်မြောက်အောင်မြင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်သောကြောင့်**
င. သင်ယူသူများအား ပိုမိုစစ်ဆေးနိုင်သောကြောင့်

*ရှင်းလင်းချက်*

သင်ယူသူများသည် နောက်တစ်ဆင့်ဆက်သွားရန် ယုံကြည်စိတ်ချမှုရှိသည်အထိ တစ်ဆင့်ချင်းလေ့ကျင့်နိုင်ပါသည်။
မည်သည့်အဆင့်က သင်ယူသူများအတွက် ပိုမိုခက်ခဲကြောင်း ဆရာ/မက ကြည့်ပြီး ပိုမိုလေ့ကျင့်စေနိုင်ပါသည်။

မေးခွန်း ၇ - လုပ်ဆောင်စရာတစ်ခု၊ ကျွမ်းကျင်မှုတစ်ခု (သို့) အသိပညာတစ်စုံတစ်ရာတို့အား အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာရာတွင် (ပိုင်းခြားစိတ်ဖြာလေ့လာချက်) မိမိတို့ လုပ်ဆောင်ရန်မှာ
က. လုပ်ဆောင်ချက်ပြီးအောင် မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစားပြီး အားလုံးရေးချခြင်း

**ခ. လုပ်ဆောင်ချက်ပြီးအောင်မည်သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း စဉ်းစား၊ အားလုံးရေးချပြီး လုပ်ဖွယ်အဆင့်ဆင့်စာရင်းကို စမ်းသပ်စစ်ဆေးကာ မေ့သွားသည်များရှိမရှိ ဂရုတစိုက်စောင့်ကြည့်ခြင်း**

ရှင်းလင်းချက်

တစ်ဆင့်ချင်းလုပ်ခြင်းကြောင့် သင်ယူသူများသည် တစ်ကြိမ်လျှင်အဆင့်တစ်ဆင့်သာ တွေးတောအာရုံစိုက်နိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့၏အလုပ်လုပ်နေသည့် မှတ်ဉာဏ်အတွက် လုပ်စရာများစွာမရှိပါ။ တစ်စုံတစ်ခုကိုလုပ်တတ်သွားလျှင် သင်ယူမှုအဆင့်ငယ်တစ်ဆင့်ချင်းစီကိုတွေးရန် ခဲယဉ်းသွားပါသည်။ မိမိတို့တွေးစရာမလိုဘဲ အဆင့်များစွာ လုပ်ဆောင်သွားနိုင်ပါသည်။ သင်ယူမှုကို တစ်ဆင့်ချင်းခွဲသည့်အခါ အဆင့်များအစဉ်ကို စစ်ဆေးရန် အရေးကြီးပါသည်။ တစ်စုံတစ်ယောက်ကို ထိုအစဉ်အတိုင်း တစ်သဝေမတိမ်းလုပ်ဆောင်စေပြီး မည်သည့်အဆင့်များကို သင် လွတ်သွားကြောင်း ဂရုတစိုက်စောင့်ကြည့်ပါ။

## ၇. သင်ကြားသင်ယူမှုကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း

**လုပ်ဆောင်ချက်၃.၉ - မိမိသင်ကြားရေးအလေ့အကျင့်ကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း (၃၀ မိနစ်)**

စောစောပိုင်းကလုပ်ခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း - သင့်ဌာနမှူးက သင်ယူသူများအတွက်သင်ချမှတ်ခဲ့သည့် သင်ယူမှုရလဒ်များအကြောင်းနှင့် သင်ယူသူအားလုံး တတ်မြောက်သွားအောင် သင်ယူမှုအဆင့်များခွဲခြားပုံကို တွေ့ဆုံမေးမြန်းလိုပါသည်။ **အောက်ပါအဆိုများကို သင့်အား ဖြည့်**စေပါသည်။ သင်ယူမှုဂျာနယ်တွင်မှတ်စုရေးပါ။

၁. သင်ယူမှုရလဒ်ရေးသည့်အခါ အောက်ပါတို့ကို စဉ်းစားရပါမည် ...

၂. အဆင့်ဆင့်ချဉ်းကပ်နည်းဖြင့် သင်ယူသူများကို ကူညီပါမည်။ ဤကဲ့သို့လုပ်ဆောင်ရန် စဉ်းစားထားပါသည် ...

## လုပ်ဆောင်ချက် ၃.၁၀ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (၁၀ မိနစ်)

ပြန်လည်သုံးသပ်ပါ - ကလေးအားလုံးပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုကို သင် အမြဲတမ်း **အဆင့်ဆင့်ခွဲ** ပါသလား။ အောက်ပါစကေးရှိ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။

| မခွဲပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ခွဲပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

ဤသင်ရိုးပိုင်းအစ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်းမှရမှတ်နှင့် ဤအမှတ်ကို**နှိုင်းယှဉ်ပါ**။ ခြားနားချက်ရှိလျှင် သင်ယူမှုဂျာနယ်တွင် ပိုင်းခြားစိစစ်မှုအတိုတစ်ခုလုပ်ဆောင်ပါ။

# မိမိ၏ကျောင်းသူ/သားများအတွက် တတိယကတိ

1. **စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။
2. **လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိကလေးများကို **ကတိပေးပါ**။
3. **သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကလေးတို့နှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ ‘ကတိများ’အပိုင်းတွင် သင့်တတိယကတိကိုထည့်လိုက်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် သင့်သင်ယူသူများကိုပေးရမည့် ကတိတစ်ခုစီရှိပါမည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

# ကျမ်းကိုး

Blanchard, K., & Johnson, S. (1981) The SMART(TT) method of goal setting

Myhowtodraw.com (2014) How to draw a rose - Easy step-by-step drawing lessons for kids
YouTube - https://www.youtube.com/watch?v=E6IIIMYOPmI

Toni art and craft (2020) How To Make Paper gift bag? How To Make Paper Handbag / Origami Paper Bag Tutorial / School hacks
YouTube - https://www.youtube.com/watch?v=GFsNnAurVLA

## နောက်ဆက်တွဲ ၁

### သင်ယူမှုရလဒ်ကောင်း၏လက္ခဏာများ

*(Retrieved from [https://teaching.utoronto.ca/teaching-support/course-design/developing-learning-outcomes/characteristics-of-good-learning-outcomes/](https://teaching.utoronto.ca/teaching-support/course-design/developing-learning-outcomes/characteristics-of-good-learning-outcomes/))*

ကောင်းမွန်သော သင်ယူမှုရလဒ်က (လုပ်ဆောင်ချက်၊ သင်တန်းအစီအစဉ် စသည်) သင်ကြားပို့ချမှုတစ်ခုခုမှ ရရှိလာသော အသိပညာနှင့် ကျွမ်းကျင်မှုကို လက်တွေ့အသုံးချ ပေါင်းစပ်မှုကို အာရုံစူးစိုက်ပြီး သင်တန်း၏ အဓိကအကြောင်းအရာများကို ပြန်လည်သုံးသပ်ရာမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အထူးသဖြင့် ကောင်းမွန်သော သင်ယူမှုရလဒ်ဟူသည်မှာ -

မျှော်မှန်းချက်ကိုရှင်းရှင်းလင်းလင်းဖော်ပြသည့် *အလွန်တိကျ*ပြီး *လုပ်ရပ်ကိုပြသောစကား* အထူးသဖြင့် ကြိယာကိုသုံးသည်။ မည်သည့်စံနှုန်းဖြင့် ၎င်းတို့ကိုစစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်း ကျောင်းသူ/သားများကို အသိပေးပြီး သင်ယူသူ နှင့် ဆရာ/မ ပန်းတိုင်တို့၏ ပန်းတိုင်များကို ချိန်ညှိပေးပါသည်။ ဖြစ်နိုင်လျှင် အဓိပ္ပါယ်မျိုးစုံဖွင့်ဆိုနိုင်သော နားလည်ရန်၊ သရုပ်ပြရန်နှင့် ဆွေးနွေးရန် စသည့်စကားလုံးများကို ရှောင်ရှားပါ။

*မရေရာသည့်ရလဒ်*

သင်တန်းအဆုံးတွင် ကျောင်းသူ/သားများ စိတ်ကူးစိတ်သန်းများကိုစီစဉ်ဖွဲ့စည်းပုံ၊ အရေးအသားနှင့် တင်ပြမှုတွင် ကျွမ်းကျင်မှုများ တိုးတက်လာရန် မျှော်လင့်ပါသည်။

*ပိုမိုတိကျသည့်ရလဒ်*

သင်တန်းအပြီးတွင် ကျောင်းသူ/သားများသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါမည်။

- အရည်အသွေးမြင့်အရေးအသားကို ရေးသားနိုင်ပါမည်။
- ၎င်းတို့၏သုတေသနတွေ့ရှိချက်နှင့် ပိုင်းခြားစိတ်ဖြာမှုရလဒ်ကို အတန်းဖော်များထံ နှုတ်ဖြင့်ထိရောက်စွာ ဆက်သွယ်တင်ပြနိုင်ပါမည်။

*မရေရာသည့်ရလဒ်*

သင်တန်းအဆုံးတွင် ကျောင်းသူ/သားများမှ အလတ်စား ပိုင်းခြားဝေဖန်သည့်အကြောင်းအရာများကို ထိထိရောက်ရောက်သုံးပြီး လွတ်လပ်စွာတွေးတောစေနိုင်ပါမည်။

*ပိုမိုတိကျသည့်ရလဒ်*

ဤသင်တန်းအဆုံးတွင် ကျောင်းသူ/သားတို့သည် တစ်ဆင့်ခံ(အခြားသူများ၏) ဝေဖန်ပိုင်းခြားသည့်အကြောင်းအရာတို့၏ သဘောတရားနှင့် နည်းစနစ်ဆိုင်ရာအခြေခံများကို အကဲဖြတ်နိုင်ပြီး ယင်းအကဲဖြတ်ချက်ကိုအသုံးပြုကာ အကြောင်းအရာအပေါ် ၎င်းတို့၏ ရပ်တည်ချက်ကို ခုခံကာကွယ်ပြောဆိုရေးသားနိုင်ပါမည်။

- *ဆုတ်သာတက်သာ*ရှိသင့်ပါသည် - ရလဒ်တစ်ခုချင်းသည် တိကျသင့်သော်လည်း ကနဦးရလဒ်များ မလုံလောက်ပါက သင်တန်းကာလတစ်လျှောက် ဆရာ/မတို့က သင်ယူမှုရလဒ်များကို ထပ်ထည့်ခြင်း၊ ဖြုတ်ခြင်း၊ ချိန်ညှိခြင်းများ ပြုသင့်ပါသည်။
- *သင်ယူသူအပေါ် အာရုံစိုက်ထားပါသည်* - သင်တန်းတွင်သင်တန်းဆရာ/မမှ ဘာလုပ်မည်ကိုရှင်းပြမည့်အစား ကောင်းမွန်သည့် သင်ယူမှုရလဒ်တွင် သင်ယူသူအသုံးပြုမည့် အသိပညာနှင့်ကျွမ်းကျင်မှုတို့ကို ဖော်ပြပြီး သင်ယူသူ၏

Implemented by: BRITISH COUNCIL The Open University VSO montrose

ပုဂ္ဂိုလ်ရေး၊ လုပ်ငန်းနှင့် ပညာရေးအတွက် အနာဂတ်တွင် အဆိုပါအသိပညာနှင့်ကျွမ်းကျင်မှုများ အဘယ်ကြောင့် အသုံးဝင် တန်ဖိုးရှိကြောင်း ၎င်းတို့နားလည်စေရန် အထောက်အကူပြုပါသည်။

- *စိတ်အားတက်ရှိမဟုတ်ဘဲ လက်တွေ့ကျပါသည်* - အောင်မြင်သွားသည့်ကျောင်းသူ/သားများအားလုံး သင်တန်းအဆုံးတွင် သင်ယူမှုရလဒ်တွင် ဖော်ပြထားသည့် အသိပညာနှင့်ကျွမ်းကျင်မှုကို သက်သေထူနိုင်သင့်ပါသည်။ ဤနည်းအားဖြင့် သင်ယူမှုရလဒ်များသည် သင်တန်းအတွက် စံနှုန်းများ ချမှတ်နိုင်ပါမည်။
- ရရှိသည့်အသိပညာနှင့်ကျွမ်းကျင်မှုတို့ကို*လက်တွေ့အသုံးချမှုနှင့်ပေါင်းစည်းမှု*ကိုရှေးရှုသည် - ကောင်းမွန်သည့် သင်ယူမှုရလဒ်များသည် ၎င်းတို့တွင် ဖော်ပြထားသည့် အသိပညာနှင့်ကျွမ်းကျင်မှုကို မျက်မှောက်နှင့်အနာဂတ်တွင် အသုံးပြုနိုင်မည့် နည်းများကို ပြန်လည်သုံးသပ်ပြီး ညွှန်ပြပါသည်။
- အသုံးဝင်မည့်*စစ်ဆေးအကဲဖြတ်နည်း*နှင့် စစ်ဆေးအကဲဖြတ်မည့်အရာများကို ညွှန်ပြသည် - ကောင်းမွန်သည့် သင်ယူမှုရလဒ်များသည် ကျောင်းသူ/သားများကို စစ်ဆေးအကဲဖြတ်မှုအတွက်ပြင်ဆင်ပေးပြီး အကဲဖြတ်သုံးသပ်မှုလုပ်ငန်းစဉ်တွင် စိတ်ဝင်တစား ပါဝင်ကာ စွမ်းရည်လည်း တိုးတက်လာစေပါမည်။
- လိုလားအပ်သည့် သင်ယူမှုအတွက် ပြီးဆုံးမည့်ကာလကိုသတ်မှတ်ပေးသည်။

လုပ်ငန်းတိုတစ်ခုချင်း၊ လုပ်ဆောင်ချက်တစ်ခုချင်း၊ သင်တန်းတစ်ခုချင်းတွင် သင်ယူမှုရလဒ် ၅ ခုမှ ၁၀ ခု ဝန်းကျင်ကို အကျိုးရှိရှိ အသုံးချနိုင်ပါသည်။ ဤအရေအတွက်ဖြင့် သင်ယူမှုရလဒ်မှ သင်တန်း၏ပင်မအကြောင်းအရာများကို အာရုံစူးစိုက်ထားနိုင်ပြီး အသိပညာနှင့် ကျွမ်းကျင်မှုအမျိုးမျိုးကို ခြုံငုံမိစေပါသည်။

သင်ယူမှုရလဒ်ရေးသားစဉ် မှတ်သားထားရမည်မှာ

<u>သင်ယူမှုရလဒ်များ SMART ဖြစ်ရပါမည်</u>

**သင်ယူသူများနှင့်စကားပြောပါ -** သင်တန်းအပြီး သင်ယူသူများသိသွားမည့်အရာ (သို့) လုပ်နိုင်မည့်အရာကို ဦးတည်ရပါမည်။

**တိုင်းတာနိုင်ရပါမည် -** သင်ယူမှုရလဒ်သည် တတ်မြောက်မှုကိုမည်ကဲ့သို့ စစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်း ဖော်ပြရပါမည်။

**လက်တွေ့အသုံးချနိုင်ရပါမည် -** သင်ယူမှုရလဒ်သည် သင်ယူသူများသည် ၎င်းတို့ရရှိလိုက်သည့် အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို သုံးနိုင်ချေရှိသည့် နည်းလမ်းများကို အသားပေးရပါမည်။

**လက်တွေ့ကျရပါမည် -** လုပ်ဆောင်ချက်(သို့)သင်တန်းကို ကျေနပ်ဖွယ်ပြီးဆုံးအောင်လုပ်နိုင်သော သင်ယူသူများအားလုံးသည် သင်ယူမှုရလဒ်တွင် ထည့်ထားသည့် အသိပညာ(သို့)ကျွမ်းကျင်မှုကို ပြသနိုင်ရပါမည်။

**အချိန်အကန့်အသတ်ရှိပါသည် -** အသိပညာ (သို့) ကျွမ်းကျင်မှုကို ရရှိနိုင်မည့် အချိန်တစ်ခုကို သင်ယူမှုရလဒ်က သတ်မှတ်ပေးရပါမည်။

**ပွင့်လင်းမြင်သာရပါမည် -** သင်ယူသူတို့ လွယ်လင့်တကူ နားလည်နိုင်ရပါမည်။

**လွှဲပြောင်းအသုံးပြုနိုင်ရပါမည် -** သင်ယူသူတို့သည် ကျယ်ပြန့်သောအနေအထားမျိုးစုံတွင် သုံးနိုင်မည့် အသိပညာ (သို့) ကျွမ်းကျင်မှုများ ပါရှိရပါမည်။

*SMART(TT)နည်းဖြင့်ပန်းတိုင်သတ်မှတ်ခြင်းကို Blanchard, K., & Johnson, S. (1981). The one-minute manager. New York: Harper Collin မှမှီငြမ်းထားပါသည်။*